629



ဆရာဦးသာထို
စီစဉ်ရေးသားသူ။

# နိဒါန်း

ဗြိတိသျှတို့၏ လက်အောက်၌ နှစ်ပေါင်း (၁၀၀)ခန့်နေခဲ့ရသော တိုင်းရင်းသားများသည် လွတ်လပ်ရေးကို ပြန်လည်ရရှိရန်နည်းအမျိုးမျိုးတို့ကို အသုံးပြုကာ ဆောင်ရွက်ခဲ့ကြရလေသည်၊ ဒုတိယ ကမ္ဘာစစ်ကြီး သည်လည်း လွတ်လပ်ရေးအတွက်တံခါးဖွင့်ပေးသည့်အလား ရုတ်တရက်ပေါ်ပေါက် လာသဖြင့် အင်္ဂလိပ်နှင့် အမေရိကန်တို့သည် မိမိတို့လက်အောက်ခံနိုင်ငံအားလုံးတို့ကို လူထုဆန္ဒအရ လွတ်လပ်ရေးပေးပါမည်ဟု စာချုပ်ကြရသည့် ဘာဝမျိုးသို့ ရောက်ရှိ လာလေသည်၊ ထိုနေ့မှစ၍မြန်မာပြည်အတွက်လွတ်လပ်ရေးသည်အကောင်အထည်ပေါ် လာခဲ့လေသည်။

မြန်မာပြည်သည် အခါအားလျော်စွာ လွတ်လပ်ရေးရရှိခဲ့သည်မှာအချိန်အခါအားဖြင့်ရှစ်လတာမျှသာရှိသေးသော်လည်း အဆိုပါရှစ်လအတွင်း၌မကြုံစဖူးသော ကိစ္စထူးများထည်းဟူသောအခက်အခဲအမျိုးမျိုးတို့နှင့် ရင်ဆိုင်ခဲ့ရလေသည်။ လာဇတုံ့သောအချိန်များ၌ အခက်အခဲမည်၍ မည်မျှပေါ်ပေါက်လိမ့်ဦးမည်ဟူ၍ကား၊ ကျွန်ုပ်တို့မခန့်မှန်းနိုင်ချေ။

လွတ်လပ်ရေး ၏သမိုင်းစဉ်သည်ကားဆူးညောင့်လုပ်ခများဖြင့် ပြွမ်းသောလမ်းနှင့် သဏ္ဌာန်တူလေသည်. လွတ်လပ်ရေး၏ အရသာကိုခံယူကြရသည်နှင့်အမျှ ကြီးလေးသောတာဝန်များလည်းရှိနေပေသည်၊ လွတ်လပ်ပြီးဖြစ်သော ဗမာနိုင်ငံကြီးသည် ယခုအခါအခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်လျက်ရှိရာ ပြည်ပိုင်အစိုးရများကလည်းထက်အားသမျှ ဖြေရှင်းပေးရလေသည်အ

# နိဒါန်း

ကယ်၍အစိုးရသည် အခက်အခဲများကို ဖြေရှင်းပေးနိုင်မှု ပါမှ ပြည်သူလူထုကပင်ပြန်လည် ဖြေရှင်းပေးရ ပေလိမ့်မည်၊

ဖြေရှင်းရန်အတွက်မှာသည်း ထိုအခက် အခဲများ ဖြစ်ပေါ်လာခြင်း၏အကြောင်းရင်းကို သိနိုင်ပြီးမှသာလျှင် လွယ်ကူစွာ အထမြောက်နိုင်မည်ဖြစ်၏၊ အဆိုပါ ချို့ယွင်းချက်များကို သိရှိထားခြင်းမရှိပါက အမှားကို မတွေ့နိုင်သဖြင့် ပြန်လည်ပြုပြင်ရန်တတ်နိုင်ကြမည် မဟုတ်ချေ။

ကျွန်ုပ်တို့၏ မေတ္တာရပ်ခံချက်အရ ဥက္ကဋ္ဌ ဆရာဦးကြီးသည်ဝင်း ဘဏ္ဍာရေးတာဝန်ခံ ဆရာသာဒင်သည်ဝင်း မိမိတို့၏ အာဘော်များကို ဤစာစောင်၌ ထည့်သွင်းထားပါသည်၊ မိမိတို့၏အာဘော်ကိုလူထုအကျိုးအတွက် ဤသို့ထည့်သွင်းရေးသားထားသဖြင့် ကျွန်ုပ်တို့က အထူးတသည်ဝမ်းမြောက် ဝမ်းသာကျေးဇူးတင်ရှိပါကြောင်း၊

ကရင်အမျိုးသားအပေါင်းတို့သည် ဤစာစောင်ကိုဖတ်ရှုကြရခြင်းအားဖြင့် တိုင်းပြည်၏ အချေအနေမှန်ကိုဝေဘန်သိရှိသဖြင့် ကရင်လူထု လိုလားတောင့်တလျက်ရှိသော ကရင်သီးသန့်ပြည်နယ်ရအံ့ဆဲဆဲအခါ ဖြစ်သည့်အားလျော်စွာ၊ မိမိတို့၏ အခွင့်အရေးကို ဒင်ပြည့် ကျင်ပြည့် ရနိုင်ရေးအတွက် မလျော့သောလုံ့လဖြင့် ရှေးရှုဆောင်ရွက်သွားနိုင်ကြစေသတည်း။

(ပုံ) သာထို

အထွေထွေအတွင်း ရေးမှူး
စော-အင်-ယူ ဗဟိုရုံးဌာနချုပ်၊ ရန်ကုန်မြို့

12-9-၄၈.



(က) စောသာဒင်
ဘဏ္ဍာရေးတာဝန်ခံ။



(ခ) စောအောင်ညွန့်
စာအုပ်တည်းဖြတ်သူ။



စောဘဦးကြီး။ ***Bar-at-Law***
လက်ရှိ ကေ-အင်-ယူ-ဥက္ကဌ။

# လွတ်လပ်ရေးလမ်းစဉ်

၁၉၀၆ ခုနှစ်တွင်(ဝိုင်-အမ်-ဘီ-အေ)အသင်း စတင်ပေါ်ပေါက်လာပြီးနောက်၊ ၁၉၁၁ ခုနှစ်လောက်ကစပြီးမြန်မာပြည်သူ ပြည်သားများ၏နစ်နာချက်များကို ဖော်ပြပြီးအခွင့်အရေးရကြရန် စတင်အရေးဆိုခဲ့ကြလေသည်။ ထိုအချိန်အခါမှ စ၍ မြန်မာတိုင်းရင်းသားများအထဲမှ အထက်တန်းစား ရာထူးကို တယောက်ပြီးတယောက် ရရှိလာကြလေသည်။

နောက်များမကြာမီနိုင်ငံရေးအသင်းအဖွဲ့များပေါ်ပေါက်လာပြီး၊ အခွင့်အရေးများသာမက လွတ်လပ်ရေးကိုပင် လိုလားကြကြောင်းနှင့်ကြွေးကြော်ကြပြန်လေသည်၊ ၁၉၂၀ ခုနှစ်ဒီဇင်ဘာလ၌ မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသူ ကျောင်းသားများက ပွဲဦးထွက်အနေနှင့်သပိတ်မှောက်ခဲ့ကြလေသည်။ ထိုသပိတ်ကို မြန်မာတိုင်းရင်းသားများက လွတ်လပ်ရေးတိုက်ပွဲတခုဟုယူဆကြလေသည်။

မြန်မာတိုင်းရင်းသားများ၏ နိုးကြားမှုကြောင့်၊ မြန်မာပြည်နှင့်အိန္ဒိယပြည်ကို ခွဲခွါလိုက်သည့်အခါ နိုင်ငံရေးကိစ္စများတွင် အောက်ကျ နောက်ကျမဖြစ်စေရပါဟု ဗြိတိသျှတို့ကဂတိပေးကြရလေသည်။ သို့နှင့်ပင် အိန္ဒိယပြည်ကို လွတ်လပ်ရေးပေးလိုက်သည့်အခါ၌ မြန်မာပြည်ကိုလည်း လွတ်လပ်ရေးပေးသင့်သည်ဟု မြန်မာတိုင်းရင်းသားများက ယူဆကြလေသည်၊

၁၉၄၁ ခုနှစ်က ဂဠုန်ဦးစော ဘိလပ်သို့သွား၍ လွတ်လပ်ရေးတောင်းသည်ဟု သတင်းစာများက ရေးသားဖော်ပြခဲ့ကြလေသည်၊ နောက်များမကြာမီ ဦးစောအဖမ်းခံရသည့်သတင်း·

ကိုကြားသိကြရပြန်လေသည်။ တချိန်တည်းတွင် မြန်မာပြည်နိုင်ငံရေးပါတီတို့သည် လွတ်လပ်ရေးကို လိုလားကြောင်း တညီတညွတ်တည်း ကြွေးကြော်ကြလေသည်။

ဗြိတိသျှအာဏာပိုင်များကလည်း မြန်မာတိုင်းရင်းသားများသည် လွတ်လပ်ရေးတည်းဟူသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသင့်ရထိုက်သောအဆင့်အတန်းသို့ မရောက်သေးသဖြင့် တိုင်းရင်းသားများ၏ အရည်အချင်းနှင့် အဆင့် အတန်း အလိုက် စနစ်တကျ-ဆင့်ကဲဆင့်ကဲ စီမံဆောင်ရွက်ပေးသွားမည်ဟု ဂတိပြုကြလေသည်၊ ထိုစီမံကိန်းသည် ဗြိတိသျှများက မြန်မာပြည်ကို နှစ်ပေါင်းများစွာ ရေရှည်ဆွဲ၍ အုပ်ချုပ်မည့်စနစ်မျိုး ဖြစ်သဖြင့် မြန်မာလူထုကသဘောမတူနိုင်ဘဲ ၄င်းတို့လည်း လွတ်လပ်ရေးနှင့်ထိုက်တန်ကြောင်းဖြင့်ကမ္ဘာသို့ကြေညာလေသည်။

## ဗမာ့လူငယ်များ၏အကြံ

ဗမာလူငယ်အချို့တို့သည်ကား-မျိုးချစ်စိတ်အလွန် ထက်သန်လှသဖြင့် ဗြိတိသျှတို့ကို အကြမ်းနည်းဖြင့် တော်လှန်ကာ လွတ်လပ်ရေးကို အရယူရန် အမျိုးမျိုးကြံစည်အားထုတ်ခဲ့ကြလေသည်။ ၎င်းတို့၏နောက်ဆုံးအကြံအစည်ကား၊ ဗြိတိသျှတို့ကို ဆန့်ကျင်မည့်လူမျိုးကြီးတမျိုးနှင့်ပူးပေါင်းပြီး ၎င်းတို့၏ အကူ အညီဖြင့်ဗြိတိသျှများကိုမောင်းထုတ်ရန်ပင်ဖြစ်လေသည်။

ထိုအချိန်အခါ၌ဒုတိယကမ္ဘာစစ်ကြီးဖြစ်လျက်ရှိရာ၊ ဂျာမံများသည်အရေးသာလျက်က မ္ဘာ့အရှေ့တလွှားတွင် ဂျပန်များ စိုးမိုးနိုင်မည့်အရိပ်အရောင်များပေါ်လာလေသည်။ ထိုစဉ်အခါ က

ဘော် သုံးကျိပ်ခေါ် မြန်မာလူငယ်တစုတို့သည် ဂျပန်တို့နှင့် ချို့၍ကိစ္စ ကြံစည်ရန်အတွက် ဂျပန်ပြည်သို့လျှို့ဝှက်ထွက်ခွါသွားပြီးစစ်ပညာကိုသင်ကြားကြလေသည်။

ဒုတိယကမ္ဘာစစ်ကြီး၏အခြေအနေမှာထိုအခါကပြင်သစ်ပြည်သည် ဂျာမဏီ၏ တိုက်စစ် အင်အားကို မခုခံနိုင်သဖြင့် အင်္ဂလိပ်နှင့်အမေရိကန်များထံ စစ်ကူတောင်းသော်လည်းစစ်ကူ ချက်ခြင်းမရသဖြင့် အရှုံးပေးလိုက်ရသော ဘဝမျိုးသို့ပင် ရောက်ခဲ့ လေသည်။ ပြင်သစ်ပြည်သို့ ရောက်လျက် ရှိသော ဗြိတိသျှများသည်လည်း ဒမ်းကတ်မြို့သို့ ဆုတ်ခွါကာ ပြင်သစ်ကမ်းခြေမှထွက်ပြေးကြရလေသည်။

## ပါးလ်ဟားဘားကိုဂျပန်များက သိမ်းခြင်း။

ဂျာမဏီကို အားကိုးပြုကာ ၎င်းတို့၏ခြေလှမ်းကို စောင့်ကြည့်သော ဂျပန်များသည်ချက်ကောင်းကို တွေ့ရှိကြရကား။ ၁၉၄၁-ခုနှစ်ဒီဇင်ဘာလ ၇ ရက်နေ့တွင်၊အင်္ဂလိပ်-အမေရိကန် မဟာမိတ်များနှင့် စစ်ကြေညာကာ-ပါးလ်ဟားဘားကိုတိုက်ခိုက်ကြလေသည်။၎င်းတို့သည် စစ်မကြေညာမီကပင်လျှို့ဝှက် ပြင်ဆင်မှုများရှိထားကြလေသည်။ထိုအခိုက်အတန့်တွင် ဂျပန်ကိုယ်စားလှယ်များသည် အမေရိကန်ကိုယ်စားလှယ်များနှင့် စေ့စပ်ရေးပြုလုပ်နေဆဲအချိန်အခါဖြစ်သဖြင့်ဂျပန်များ၏ကဲ့သို့ အကြံပက်စက်လိမ့်မည်ဟူ၍အမေရိကန်များက မထင်မှတ်ကြသဖြင့်အငိုက်မိသွားကြလေသည်။

ဂျပန်များသည် ကြိုတင်ပြင်ဆင်မှုရှိထားကြခြင်းကြောင့်

ခြေလှမ်းအတော်သွက်ခါ ဒီဇင်ဘာလ ၂၃ ရက်နေ့နှင့် ၂၅ရက် နေ့များတွင် ရန်ကုန်မြို့ကို အောင်မြင်စွာ လာရောက် ဗုံးကြဲကြလေသည်။ ထိုအခါ ရန်ကုန်မြို့မှစ၍ မြန်မာပြည်တဝှမ်းလုံးရှိ တိုင်းရင်း သားများသည် စိတ်ဓါတ် ချောက်ခြား ကြလျက်၊ ဒေါ်သီကိုယ်တိုင် ဂျပန်ပြည်မှ မြန်မာပြည်သို့ ပြည်သားများ ဂျပန်ဘက်သို့ လုံးဝသိမ်းယိုင် သွားအောင် ရေဒီယိုဖြင့်နေ့စဉ် ရက်ဆက် အသံလွှင့် ဝါဒဖြန့်ခဲ့လေသည်။ သခင်ထွန်းအုပ်နှင့် အခြား ရဲဘော်တို့သည်လည်း နိုင်ငံခြားမှနေ၍ အသံလွှင့်ဝါဒ ဖြန့်ကြလေသည်။

## ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေး။

နောက်များမကြာမီ ဂျပန်စစ်သည် တပ်သား များသည် ယိုးဒယားနှင့်ရဲဘော်သုံးကျိပ်တို့၏ အကူအညီဖြင့် ယိုးဒယားနယ်စပ်မှမြန်မာပြည်တွင်းသို့ ဒလကြမ်းဝင်ရောက် တိုက်ခိုက်ရောက်ရှိလာကြလေသည်။ သို့နှင့်ပင် မြန်မာ တပြည်လုံးသည် ၂လ အတွင်း ဂျပန်များလက်အောက်သို့ လုံးလုံး လျားလျား ရောက်ရှိသွားလေသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ တရက်နေ့၌ ဂျပန်များက မြန်မာမျိုးကိုလွတ်လပ်ရေးပေးသဖြင့်ဒေါက်တာဘမော်သည်အဓိပတိအဖြစ်လွတ်လပ်သောဗမာပြည်ကိုစတင်အုပ်ချုပ်ခဲ့လေသည်။ သို့ရာတွင် အဆိုပါ လွတ်လပ်ရေးသည် အတုအယောင်မျှသာဖြစ်ကြောင်းကို တိုင်းရင်းသားများသည် တစတစသိရှိလာကြလေသည်။

ဂျပန်တို့၏ လှည့်ဖျားမှုကို သိရှိလာကြသော တိုင်းရင်းသားများသည်။ ဂျပန်များ၏ ညှဉ်းပန်းနှိပ်စက်မှုတို့ကို။ ခံမရပ်နိုင်ကြတော့ဘဲ အလွန်တရာ စိတ်နာလာကြသည့်အတိုင်း တော်လှန်ရေးကိုသာ ဇွဲရှုကြတော့သည်။ သို့ရာတွင် လက်ရှိ တိုင်းရင်းသားများ၏အင်အားဖြင့် တော်လှန်ရေးကိုအောင်မြင်ထမြောက်အောင် စွမ်းဆောင်နိုင်ကြမည် မဟုတ်သဖြင့် အင်္ဂလိပ်ထံမှ အကူအညီရရန် အားထုတ်ရပြန်လေသည်။ တက်ဘုန်းကြီးဦးသိန်းဖေနှင့်အဘော်တစုတို့သည် အင်္ဂလိပ်နှင့် အဆက်ရရန် အိန္ဒိယပြည်သို့သွားကြရာတွင်လမ်းခရီး၌ဒုက္ခအမျိုးမျိုးတို့နှင့် ရင်ဆိုင်ခဲ့ကြရလေသည်။

## မောင့်ဘက်တန်နှင့် ချာချီတို့၏သဘောတူညီချက်။

တက်ဘုန်းကြီးဦးသိန်းဖေတို့ အိန္ဒိယပြည်သို့ရောက်ရှိသွားသောအခါ အင်္ဂလိပ်တို့နှင့်ပူးပေါင်းကာ ဂျပန်ကိုတော်လှန်ရန် အင်္ဂလိပ်တို့၏ သဘောတူညီချက်ကို တောင်းကြလေသည်။ ထိုအခါ အာရှ အရှေ့ တောင်ပိုင်း ဆိုင်ရာ စစ်သေနာပတိချုပ် လော့-မောင့်ဘက်တန်က ဘိလပ်နန်းရင်းဝန် ချာချီထံသို့ သံကြိုးရိုက် အကြောင်းကြားရာ နန်းရင်းဝန်ကြီးက မြန်မာများ၏ တောင်းဆိုချက်ကို ဆွေးနွေး တိုင်ပင်ကြပြီး သဘောတူညီကြောင်း အကြောင်းပြန်ကြားလိုက်လေသည်။

ထိုအခါတွင်ကရင်များနေထိုင်သောတောင်တန်းနယ်အတွင်းသို့ မဟာမိတ်နှင့်ကရင်လေထီးသမားများတို့သည်ဆင်း၍ပျော်ကြားတပ်များကို စတင်ဖွဲ့စည်းလေ့ကျင့်ကြလေသည်။ ဂျပန်

များကလည်း မြန်မာပြည်အနှံ့ အပြားသို့ ရောက်ရှိနေကြပြီဖြစ်သည့်အတိုင်း၊ အဆိုပါ ပျောက်ကြား တပ်များသည် အလွန်တရာဆင်းရဲပင်ပန်းခံ၍ဂျပန်၏ ရန်ကိုရှောင်ရှားနေ၍တောတွင်း၌ ခိုအောင်းကြရလေသည်။

## ဂျပန်များအားတော်လှန်ကြခြင်း။

မြန်မာပြည်တွင်းသို့ မဟာမိတ်စစ်သားများ ဝင်လာသည်နှင့် မရှေးမနှောင်းအချိန်တွင် ဗိုလ်ချုပ် အောင်ဆန်း၏ ဘီ-ဒီအေ စစ်တပ်သည် တော်လှန်ရေး လုပ်ငန်းကို စတင်ဆောင်ရွက်ကြလေသည်။

ဂျပန်များသည် အဆိုပါတော်လှန်ရေးကိစ္စကို ကြိုတင်သိနှင့်ကြသဖြင့် ကချင်များနှင့် ချစ်ကြည်ရေး၊ မိတ်ဆက်ရေး၊ အစည်းအဝေးပွဲများ၊ ထမင်းစားပွဲများ၊ ပြုလုပ်ကြလျက် ဗမာ့တော်လှန်ရေးသမားများကိုလွယ်ကူစွာချေမှုန်းနိုင်ကြရန် ကချင်များ၏အကူအညီကိုတောင်းဆိုကြသော်လည်းကချင်များသည် ဖက်စစ်ဝါဒ ဆိုးကြီးကို အလွန်တရာ စက်ဆုပ်ရွံရှာမုန်းတီးကြသည့်အတိုင်း ၎င်းတို့အား အကူအညီမပေးဘဲ တိမ်းရှောင်နေကြလေသည်။

## အင်္ဂလိပ်စစ်အုပ်ချုပ်ရေး

မဟာမိတ်စစ်တတ်များစစ်တောင်းမြစ်သို့ ရောက်ရှိကြသည်တွင် ဂျပန်များကလက်နက်ချလိုက်သဖြင့်၊ ဗမာပြည်တဝှမ်းလုံး

ကို အင်္ဂလိပ်များက စစ်အုပ်ချုပ်ရေးဖြင့် ဆက်လက်အုပ်ချုပ်သွားကြလေသည်၊ ထိုအခိုက်တွင် ဖ-ဆ-ပ-လ, အဖွဲ့ကြီးသည် အင်အားရပြီးနေသူရှိန် အစည်းအဝေးကို ဘိတ်ခေါ်ကျင်းပ၍ ၎င်းအစည်းအဝေး၌ပင်၊ စစ်အုပ်ချုပ်ရေးကို အမြန်ရုပ်သိမ်းဘို့ အရေးဆိုရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့လေသည်။ စစ်ဘေးကို တွက်ပြေး တိမ်းရှောင်နေသော ဘုရင်ခံ ဆာဒေါမန်စမစ်သည်လည်း မြန်မာပြည်သို့ ပြန်လာနိုင်ရန် ကြိုးစားနေသည့်အခိုက်နှင့် ကြုံကြိုက်နေသဖြင့်၊ စစ်အုပ်ချုပ်ရေးကို အမြန်ဆုံးနည်းဖြင့် တနှစ်အတွင်း ရုပ်သိမ်းလိုက်လေသည်၊

ဆာဒေါမန်စမစ်မြန်မာပြည်သို့ပြန်လည်ရောက်ရှိလာသော အခါ၊ ဆာပေါ်ထွန်းနှင့် ဆာထွန်းအောင်ကျော်တို့လည်း တပါတည်းပါလာလေသည်၊ ထိုအခါ ဆာဒေါမန်စမစ်က ဖ,ဆ,ပ,လ, အဖွဲ့နှင့် စေ့စပ်ရေးအတွက် စကားကမ်းလှမ်း လေသည်။ ဖ,ဆ,ပ,လ, ဦးစီးအဖွဲ့က အတိုင်ပင်ခံဝန်ကြီး ၁၁ ဦး ရမှသာ ရာထူးလက်ခံမည်ဟု ဆုံးဖြတ်အတည်ပြုပြီး၊ ၎င်းဆုံးဖြတ်ချက်ကို ဆာဒေါမန်စမစ်ထံသို့ပို့လိုက်လေသည်၊ ဘုရင်ခံကလည်း ၁၁ ဦး မပေးနိုင်ဘဲ ၇ ဦးသာလျှင် ပေးနိုင်မည်ဟုအကြောင်းပြန်ကြားသဖြင့် နှစ်ဦးစလုံး၏ သဘောတူညီချက် ရရေးအတွက် ဦးတင်ထွဋ်က အစွမ်းကုန် ကြိုးစားသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့လေသည်။

ထိုအခါ ဆာဒေါမန်စမစ်က ဆာပေါ်ထွန်းအား စက္ကူဖြူစာတမ်းအရ ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းစေလေသည်။ ထိုအခါ၌ ဖ-ဆ-ပ,လ, သည် အင်အားပြည့်တင်းစွာ အစိုးရကို အတိုက်

အခံပြုပြီး ဝှင်းအစိုးရအဖွဲ့ မပျက်-ပျက်အောင် နည်းဝရိုယာပေ အမျိုးမျိုးတို့ကို အသုံးပြုကြလေသည်။နောက်ဆုံး၌ မြန်မာနိုင်ငံ ရေးသမားများ၏ လက်နက်ဟောင်းတခုဖြစ်သောသပိတ် လက် နက်ဖြင့်ခေါ်ပေါ်ထွန်းအစိုးရကိုဖြုတ်ချကြလေသည်။

ထိုနောက် ဗိုလ်ချုပ်အောင်ဆန်းအား အစိုးရ အဖွဲ့-ဖွဲ့စည်း ရန် ဘုရင်ခံကသဘောတူညီလိုက်သဖြင့် အရေးကြီးသောဌာန များကို ဖ-ဆ-ပ-လ,က ကိုင်ထားပြီး ဦးစောနှင့် သခင်ဘစိန် တို့လည်းပါဝင်ရန်၊ဘုရင်ခံက စီမံပေးလေသည်၊ထိုအခါ ကွန် မြူနစ်ပါတီမှ တက်ဘုန်းကြီးသိန်းဖေဝန်ကြီးဖြစ်လာလေသည် သို့ရာတွင် ကွန်မြူနစ်အရေး ပေါ်လာသဖြင့်။ ဖ ဆ-ပ-လ,မှ ကွန်မြူနစ်များ နုတ်ထွက်ခါ တက်ဘုန်းကြီး သိန်းဖေသည် ဝန်ကြီးရာထူးကို ၁၅ ရက်မျှလက်ခံပြီးစွန့်လွှတ်ခဲ့ရလေသည်။

## ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗမာလူထုဆန္ဒ

လွတ်လပ်ရေးကို မရသျှင် မနေနိုင်, မဆိုင်းနိုင်သော ဗမာ လူထုကြီးသည်၊ဗိုလ်ချုပ်အောင်ဆန်းကို အင်တိုက် အားတိုက် ထောက်ခံကြ၍လွတ်လပ်ရေးအမြန်ရရန်အားခဲကြလေသည် ဗိုလ်ချုပ်အောင်ဆန်းကလည်း (၁၉၄၇) ခုနှစ် ဇန်နဝါရီလ တရက်နေ့တွင် လွတ်လပ်ရေး မရပါက 'ချ"မည်ဟု အတိ အလင်း ကြွေးကြော်ခဲ့လေသည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ အတွင်း၌၊ ဗိုလ်ချုပ်၊ ဦးဘဖေ၊ သခင်မြ၊ ဦးစော၊သခင်ဘစိန်နှင့်ဦးတင်ထွန်းအစရှိသော ခေါင်း ဆောင်များသည် ဗမာပြည်လွတ်လပ်ရေးအတွက် အရေးဆိုရန်



ကေ-အင်-ယူ-၏ လူငယ်ဒိုင်း ကြိုးကိုင်သူများ။
ဝဲမှ-ယာသို့ မန်းဘဇံ (ဘီ-အေ)
(ကာကွယ်ရေး) စောစံပေါ၊ ဘီ-အေ။
ဝါဒဖြန့်ချိရေး-စောဟံတာသာမွှေး၊ဘီ-အေ၊ပညာရေး



ကွယ်လွန်သူ မန်းဘခင် ဘီ-အေ
ကေ-အင်-ယူ—ငွေထိမ်းဟောင်း။

ဘိသပ်သို့ သွားရောက်ကြသေးသည်။ ထိုစဉ်အခါက ဗြိတိသျှ ဗမာ့သဘောတူ စာချုပ်တခုကို ချုပ်ဆို လက်မှတ် ရေးထိုးခဲ့လေသည်။ အဆိုပါစာချုပ်ကို ဖ-ဆ-ပ-လ ဝန်ကြီးအားလုံးတို့က သဘောတူ လက်မှတ် ရေးထိုးကြသော်လည်း၊ ဦးစောနှင့် သခင်ဘစိန်တို့သည် သဘောမတူကြသဖြင့် လက်မှတ်မထိုးဘဲ ပြန် လာကြသေးသည်။ ၎င်းတို့မြန်မာပြည်သို့ပြန်လည် ရောက်ရှိကြသောအခါ၊ ဦးစောနှင့်သခင်ဗစိန်တို့သည် ဗိုလ်ချုပ်အား အတိုက်အခံပြုကြလေသည်။

ဗိုလ်ချုပ် အောင်ဆန်းနှင့် တကွ အပေါင်းပါ ဝန်ကြီးများ ရက်စက်စွာသတ်ဖြတ် ခြင်းခံရပြီးသည့်နောက် သခင်နုသည်ဝန်ကြီးချုပ် ဖြစ်လာပြီး ဦးစောနှင့် ၎င်း၏ တပည့် အချို့ တို့သည်လည်း လုပ်ကြံမှုကြီးနှင့် ပါတ်သက်၍ ဘမ်းဆီး ခြင်း ခံကြရပြန်သည်။

## နု-အက်တလီစာချုပ်။

နောက်များမကြာမှီ သခင်နုသည်ဘိသပ်သို့ သွားရောက်ပြီး သန်းခေါင်ဝန်အက်တလီနှင့်တွေ့ဆုံ၍ စပ်ကာ နှစ်ဦးနှစ်ဘက် သဘောတူ နု-အက်တလီစာချုပ်ကိုချုပ်ဆိုခဲ့ကြလေသည်။ ထိုစာချုပ်တွင် ဗမာပြည်ကို ၁၉၄၈ ခုနှစ် ဇန္နဝါရီလ အတွင်း လုံးဝလွတ်လပ်ရေးပေးမည်ဟုအတိအလင်းပါရှိလေသည်။

ထိုအချိန် အခါတွင် လုပ်ကြံမှုကြီးကို အကြောင်း ပြုကာ ဒေါက်တာဘမော်-သခင်ထွန်းအုပ် နှင့် သခင်ဗစိန် စသော အတိုက်အခံ ခေါင်းဆောင်ကြီးငယ် အားလုံးတို့သည် ပုဒ်မ ၅ နှင့်

ဘမ်းဆီးခြင်းခံခဲ့ရလေသည်။ ထိုရွာတွင် လွတ်နေသော ကိုယ်စားလှယ်များရှိသော “ဘိန်း-သန်း” ကွန်မြူနစ်ခေါင်းဆောင်များကိုဘမ်းဆီးရန် အကြောင်း မရှိသဖြင့် ကွန်မြူနစ်များသည် မိမိတို့၏ လုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက် သွားကြ လေသည်။

ကွန်မြူနစ်များသည်အစဉ်သဖြင့်အင်အားစုကာဖ-ဆ-ပ-လအစိုးရ၏ လုပ်ငန်းကို အမျိုးမျိုးဖြစ်အောင်ရှုံ့ချ ပြောဆိုကြလေသည်ကွန်မြူနစ်များကဖ-ဆ-ပ-လအစိုးရသည်ဓနရှင်အရင်းရှင်ကြီးများ၏ကျွန်၊နယ်ချဲ့သမားများ၏လက်ပါးစေသည်ဖြစ်၍ အမျိုးမျိုးရှုံ့ချဟောပြောခဲ့ပြန်ကြသဖြင့် ဖ-ဆ-ပ-လအဖွဲ့ကြီးက ကွန်မြူနစ်များ၏ စွပ်စွဲချက်များသည် မမှန်မကန် ကြောင်းရှင်းတမ်းများ ထုတ်ဝေ၍ လူထု အစည်း အဝေးများ ဘိတ်ခေါ်ပြီး ရှင်းလင်းကြရ လေသည်။ ထို့အတူကွန်မြူနစ်များကလည်းမိမိတို့၏စွပ်စွဲချက်မှန်ကန်ကြောင်းဖြင့်တရားပွဲများကျင်းပဟောပြောခဲ့ကြလေသည်။

## ဗြိတိသျှတို့၏စေတနာ။

ဗြိတိသျှအာဏာပိုင်များသည် ကမ္ဘာ့အခြေအနေ အရ မြန်မာပြည်ကို လွတ်လပ်ရေးပေးလျှင် မဖြစ်နိုင်ကြောင်းကို သိရှိကြပြီဖြစ်သည့်အတိုင်း မြန်မာပြည်နှင့် ပါတ်သက်၍ မိမိတို့ လိုလားချက်ဟူသမျှတို့ကို အရအမိ စေ စပ်ပြောဆို ပြီးနောက် နု-အက်တလီစာချုပ်ကို ချုပ်ဆိုခြင်း ဖြစ်လေသည်။ အဆိုပါစာချုပ်ကိုကွန်မြူနစ်များကများစွာဖြစ်တင် ရှုံ့ချကြလေသည်။

ဗြိတိသျှအာဏာပိုင်များကလည်း မြန်မာပြည်သို့သုံးကြိမ်တိုင် ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ပြီး ဗမာ့နိုင်ငံရေး အခြေအနေကို ထိရောက်စွာ လက်တွေ့စုံစမ်းစေလေသည်။

ဘုရင်ခံဆာဟူးဘတ်ရန့်(စ)ယူဆချက်နှင့်ပါလီမံကိုယ်စားလှယ်များ၏ အစီရင်ခံချက်အရ မြန်မာပြည်ကို အုပ်ချုပ်လျက်ရှိသော အစိုးရအဖွဲ့သည် ဒီမိုကရေစီစနစ်အရ ရွေးကောက် တင်မြှောက်ခြင်း ခံကြရသော တိုင်းရင်းသား လူထုကိုယ်စားလှယ်များဖြစ်၍ သဘောထားကြီးလျက် အရည်အချင်းရှိသောအစိုးရအဖွဲ့ဖြစ်သဖြင့်၊ တိုင်းရင်းသားလူနည်းစုများအား တရားသဖြင့် အုပ်ချုပ်အခွင့်အရေးပေးလိမ့်မည်ဟု ယုံကြည်ယူဆကြသည်နှင့်အညီ အားလျော်စွာ ဖ-ဆ-ပ-လ အစိုးရတောင်းဆိုသည့် အတိုင်း။ ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့နံနက် (၄)နာရီမိနစ် (၂၀) အချိန်တွင် မိမိတို့၏အကျိုးကိုမထိခိုက်စေဘဲ လုံးဝလွတ်လပ်ရေး ပေးခဲ့လေသည်။ ထိုနေ့မှစ၍ ဗမာတိုင်းရင်းသူတိုင်းရင်းသားအားလုံးတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ပြန်လည်ဖြစ်လာကြကာ လွတ်လပ်သော တိုင်းကြီးသားများ အဖြစ်သို့ ပြန်လည်ရောက်ရှိရလေသည်။

## အနုနည်းဖြင့်တိုက်၍ရသောလွတ်လပ်ရေး။

အထက်ပါအတိုင်းဗမာပြည်ကြီးရသောလွတ်လပ်ရေးသည် တိုင်းသားပြည်သူတို့၏ဆန္ဒပြင်းပြကြသည့်အလျောက် အကြမ်းမဘက် အနုသက်သက် နှလုံးရည်တိုက်ပွဲဖြင့်ရသော လွတ်လပ်ရေးဖြစ်လေသည်။ တနည်းအားဖြင့် သွေးထွက်စရာမလိုဘဲနှင့် နန်းရင်း

ဝန် ချာချီတို့ချုပ်ဆိုသော အတ္တလန္တိတ်စာချုပ်အရ၊ မပေးလျှင် မဖြစ်သဖြင့် မပေးချင် ပေးချင်နှင့်ပေး၍ရရှိသော လွတ်လပ်ရေးပင်ဖြစ်လေသည်။ ဤလွတ်လပ်ရေးကို ကွန်မြူနစ်များက အုပ်ချုပ်ရေး၌သာ လွတ်လပ်၍ စီးပွါးရေး၌မလွတ်လပ်သောကြောင့် တကဲ့လွတ်လပ်ရေးမဟုတ်ကြောင်းနှင့် အတိအလင်း ကြွေးကြော်ကြပြန်လေသည်၊ သို့ရာတွင် ကမ္ဘာ့အရပ်ရပ်ရှိ တိုင်းပြည်ကြီးအားလုံးတို့ကမူ မြန်မာပြည်ကို လုံးဝလွတ်လပ်သောတိုင်းပြည်ဟု အသိအမှတ်ပြုကြချေပြီ။

## “လွတ်လပ်ရေး၏အရသာ”

ဗြိတိသျှတို့သည် မြန်မာပြည်ကို နှစ်ပေါင်းတရာကျော် အတွင်း အုပ်ချုပ်ခဲ့ကြရာတွင်၊ မိမိတို့၏သဘောအတိုင်း ချယ်လှယ်ကာ အထက်တန်းရာထူးကြီးများကိုဖိတ်တိုင်းကြဲဖက်ခံပြီး အသေးအဖွဲ့အောက်တန်းစားရာထူးကလေးများကိုသာမြန်မာများအား ပေးလေ-ပေးထကြကြလေသည်။ အဆိုပါနှစ်နာမှုများကြောင့်သာလျှင် တိုင်းရင်းသားများသည် လွတ်လပ်ရေးကို မနားမနေအရယူရန်ဆန္ဒပြင်းပြခဲ့ကြလေသည်၊

နိုင်ငံရေးအမြင်ကျယ်၍ မျိုးချစ်ပိုးထက်သန်ပြီး လွတ်လပ်ရေးကိုအရယူရန် ဆန္ဒပြင်းပြကြသော တိုင်းရင်းသားဗမာများအား ဗြိတိသျှအာဏာပိုင်များသည် အကဲခတ်ကာ အထက်တန်းစားရာထူးကြီးများကို လိုက်လျော ခန့်အပ်သည်ဟု ဆိုသော်လည်း၊ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဗမာခရိုင် ဝန်ရှင်တော်မင်းကြီးတဦးနှင့် အရေးပိုင်အနည်းအတန်သာရှိခဲ့လေ

သည်။ ရာဇဝတ် ဝန်ထမ်း၌လည်း၊ မပြောပလောက်ဘဲ မျက်နှာဖြူ ဗြိတိသျှအရေးပိုင်နှင့် ရာဇဝတ်ဝန် များသာလျှင် အများအပြားရှိခဲ့လေသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားသည့်နောက်၌လည်း ရှေးနည်းအတူ မျက်နှာဖြူအရာရှိကြီးအမြောက်အမြားနှင့် ဗမာအရာရှိကြီး အနည်းအတန်မျှသာ ရှိခဲ့လေသည်။

ဗြိတိသျှအစိုးရတို့က တိုင်းရင်းသား ဗမာဝန်ကြီးများအား အာဏာအများဆုံး ပေးထားသည်ဆိုသော်လည်း၊ ဘုရင်ခံ၏ ဩဇာခံ ဝန်ကြီးများသာဖြစ်သဖြင့် ၎င်းတို့ ချယ်လှယ်တင်းငင်းကို ခံကြရလေသည်။

သို့ရာတွင် လွတ်လပ်ရေးရခါနီးအချိန်တွင် မျက်နှာဖြူအရာရှိကြီးများသည် အားလုံးလိုလိုပင်နှုတ်ထွက်သွားလေသည်။ မီးရထားဌာနနှင့်သစ်တောဌာနတွင်မျက်နှာဖြူအရာရှိကြီး ၂ဦး၃ဦး ကျန်ခဲ့သည်မှအပ အုပ်ချုပ်ရေးဘက်တွင်မျက်နှာဖြူအရာရှိကြီးများ အသျှဉ်းပင်မရှိတော့ချေ။ မျက်နှာဖြူ အရာရှိကြီးများ နှုတ်ထွက်သဖြင့် လစ်လပ်သော နေရာများတွင် ဗမာမျိုးကိုသာ ပြန်လည်ခန့်ထားသဖြင့် ဗမာအရာရှိအမြောက်အမြား သည် ရာထူးတိုးတက်လျှက် ဗမာအမျိုးသား အမြောက်အမြား အထက်တန်းသို့ ရောက်ရှိခဲ့ကြရလေသည်။ ပြန်လည်ထူထောင်စတိုင်းပြည်ဖြစ်သည့်အတိုင်း လျှပ်စစ်စီမံကိန်းအရ အထက်တန်းစား ရာထူးကြီးများကို လောလောဆယ် ခန့်အပ်ရသည်ဖြစ်၍ အရည်အချင်း ပြည့်စုံသည်။ မပြည့်စုံသည့်ကိစ္စမှာ အဆန်းမဟုတ်တော့ချေ။

ဂျပန့်ဩဇာခံဒေါက်တာဘမော်အစိုးရခေတ်၌အရည်အချင်း

ရှိသည့် မရှိသည် ပဂါနှ မဟုတ်ဘဲ အကျင့်ကောင်းသောသူများ သာ ရာဇ္ဇုးရခြေကြဲခြင်းနှင့် လက်သင့်ရာ စားတော်ခေါ် ခဲ့သော စနစ်များသည် လူတိုင်းအသိပင် ဖြစ်တော့သည်။

ထိုဂုဏ်အခါက ရုံးပြေတာတဦးသည် တိုက်ပိုင် အင်စပက် တော်ဖြစ်၍ ရထားပေါ်တွင် ကတိုးနှာရောင်းသော သူတဦးသည် တိုက်ပိုင်ဖြစ်သည်ဟု ကြားသိခဲ့ရလေသည်။ လွတ်လပ်သောဗမာနိုင်ငံတော် အတွင်း၌လည်း ရာဇ္ဇုးအမြောက်အများ အထဲတွင် အချည်အခြင်း မပြည့်မှီသောသူ အမြောက်အများရှိသည် ကိုတွေ့ရှိရပြန်သဖြင့် လက်သင့်ရာ စားတော်ခေါ် သောခေတ် သား-တူ-ညီ-မယားကောင်းစားသည့်ခေတ်သို့ ပြန်လည်ရောက် ရှိလေသလားဟုမေးပြောနိုင်သသော ...ပင်ဖြစ်တော့သည်။

ကရင်များအတွက်မူကား မထောင်းတာဘဲ၊ သူခြားချက် ထံပုံတရာမရှိချေ။ အကြောင်းမူကား-မြို့အုပ်-ဝန်ထောက်-အရေးပိုင် အဆင့်အတန်းများ၌ ကရင်အရာရှိများမရှိ သလောက် ပင်။ နိုင်ငံခြားသို့ ဗမာသံအမတ်များနှင့်တကွ အတွင်းဝန်များနှင့်အပြင် ရုံးအလုပ်သမားများသည် လွတ်လပ်သောတိုင်းရင်း သားများ ဖိဖိ- နိုင်ငံခြားသို့သွားရောက်ပြီး တိုင်းတပါးသား များနှင့် ပခုံးခြင်းယှဉ်ကာ မိမိတို့၏ သက်ဆိုင်ရာတာဝန်များကို ခွဲဝေလုပ်ကိုင်လျက်ရှိကြပြီး ကမ္ဘာကလည်း ဗမာများကိုလွတ် လပ်သောလူတမျိုးဟုအသိအမှတ်ပြုကြခြပြီ။ ကမ္ဘာ့ကုလသမဂ္ဂ သို့လည်း ဗမာနိုင်ငံသည် ဝင်ခွင့်ရပြီး၊ ၎င်းရာတွင် ဝင်းနည်း ဘွဲ့သအကြောင်း တရပ်ကား နိုင်ငံခြားသို့ သံအမတ်များနှင့် အ

တွင်းဝန်များကို စေလွှတ်ကြရာတွင် ကချင်အမျိုးသား တဦးတယောက်မျှ မပါဝင်ခဲ့ခြင်းပင် ဖြစ်လေသည်။

အင်္ဂလိပ်၏အာဏာစက်အတွင်း၌ ရှိခဲ့သောတိုင်းပြည်သည် ဗမာ့လက်သို့ ပြန်လည်ရောက်ရှိပြီး၊ ဗမာများသည် အင်္ဂလိပ်လက်ထက်က အောက်ကျို့၍ နေကြရသလောက်– လွတ်လပ်ရေး ရပြီးသည့်နောက် ၌မူကား ထင်ထင်ရှားရှားကြီး ခေါင်းထောင်နိုင်ကြပေပြီ၊ အင်္ဂလိပ်များသည် ယခင်ကကဲ့သို့ အရာမဝင်တော့ချေ၊ စီးပွါးရေးနှင့် ပါတ်သက်၍ ဗမာပိုင်ကုမ္ပဏီကြီးများသည် ရှေးအစဉ်အခါကထက် ပိုမိုများပြားလာချေပြီ၊ နိုင်ငံခြားသားများနှင့် ပခုံးခြင်း ယှဉ်ကာ– ယာဉ်ရထား ကောင်းကောင်းများကိုစီးလျက် နေနိုင်ကြပြီ၊ ဗမာပြည်၏ ထွက်ကုန်ဝင်ကုန်ပမာဏငွေ တို့ကို ဗမာများသည် မိမိတို့အလိုကျ ရောင်းဝယ် ပြုခြင်းနိုင်ခဲ့ပြီ၊ ရေဝတီကုမ္ပဏီမှစ၍ အခြားသော တိုင်းတပါးသားပိုင် ကုမ္ပဏီအချို့တို့ ကိုလည်း ဗမာနိုင်ငံအစိုးရက သိမ်းပိုက်လျက် ပြည်သူပိုင် ပစ္စည်း အဖြစ်သို့ အသွင် ပြောင်းနိုင်ခဲ့ပြီ။

ထို့ပြင်တပါး လက်ရှိ ဗမာနိုင်ငံအစိုးရသည် တနှစ်လျှင် နိုင်ငံခြားသို့ ပညာတော်သင် ၁၀၀ ကျော် စေလွှတ်နိုင်ရန် စီမံကိန်းများရေးဆွဲခဲ့ပြီ၊ ကမ္ဘာသုံးဆိုင်ရာ ကမ္ဘာ့အစည်းအဝေးကြီးများ၊ ကမ္ဘာ့ပြပွဲကြီးများနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကြီးများသို့ ဗမာ့ကိုယ်စားလှယ်များကို စေလွှတ်နိုင်ခဲ့ပြီ၊ လူငယ် တစုတို့ကိုလည်း ကမ္ဘာ့ဗဟုသုတကိုဆည်းပူးရေးအတွက် ကမ္ဘာလှည့်ရန် စေလွှတ်ခဲ့ပြီ၊ သို့ရာတွင် အဆိုပါ ကိုယ်စားလှယ်များ၌ က

ရှင်များ မပါသေးချေ။ ဗမာများသည် ယခုအခါ လုံးဝ လွတ်လပ်သော နိုင်ငံသူ နိုင်ငံသားများ ရရှိသော အခွင့်အရေးတိုင်း တို့ကို ပြန်မြန်ရှက်ရှက်ကြီး ခံစားစံစားကြရ လေပြီ။

## လွတ်လပ်ရေး၏ တာဝန်များ။

လွတ်လပ်သောလူတမျိုးသည် အခွင့်အရေး အမြောက် အများ တိုးတက်ရရှိကြသည်နှင့်အမျှ တာဝန်ဝတ္တရားများသည် လည်း ပိုမိုထူးကဲများပြားလှပေသည်။ ပမာဆိုသော်မြန်မာပြည်ကို ဗြိတိသျှများစိုးမိုးအုပ်ချုပ်ခဲ့စဉ်က တိုင်းပြည်နှင့် သက်ဆိုင်သော ဝတ္တရား ဟူသမျှတို့သည် ဗြိတိသျှ အပေါ်တွင် လုံးဝကျရောက်သည်ဖြစ်သောကြောင့် တိုင်းပြည်အတွင်း၌ ပြောသံသာ ခြင်းမရှိသော် ဗမာတိုင်းရင်းသားများက ဗြိတိသျှများအား ပြစ်ထင်ရှုံ့ချနိုင်ခဲ့ကြလေသည်။ သို့ရာတွင်ဗြိတိသျှကဗမာပြည်ကို ဗမာများ၏လက်ဝယ်သို့ပြန်လည်အပ်နှင်းပြီးသည့်နောက် တွင်မူ ကားဥစ္စာရှင်လို–ဥစ္စာရှင်ခဲ့ ဟူသောစကားအရ ဗမာများသည် တိုင်းပြည်၏အာဏာနှင့်တာဝန်များကိုလက်ခံကာတာဝန်ကြီး ငယ်ဟူသမျှတို့ကို လုံးဝထမ်းဆောင်ခဲ့ကြရလေသည်။ လွတ်လပ်ရေး၏ကြီးလေးသောတာဝန်များကား။—

### (၁) ငြိမ်ဝပ်ပိပြားရေး။

လွတ်လပ်သောတိုင်းပြည်တိုင်း၌ ငြိမ်ဝပ်ပိပြား ရေးသည် လွန်စွာအရေးကြီးလေသည်။ ငြိမ်ဝပ်ပိပြားသော တိုင်းပြည်အ

တွင်း၌ရှိတိုင်းသားပြည်သူရှင်လူရဟန်းတို့သည် စိတ်အေးချမ်းမှုကိုရရှိပြီးချမ်းမြေ့စွာနေထိုင်သွားလာလုပ်ကိုင်စားသောက်နိုင်ကြလေသည်။ ချုပ်ချယ်ရိုးမရှိသောအာဏာပိုင်အစိုးရများကိုလည်း အခါခပ်သိမ်း အရာရာတွင် ယုံကြည်စိတ်ချနိုင်ကြလေသည်။

သို့ရာတွင် တိုင်းပြည်အတွင်း၌-ခိုး-ဓားပြ-တိုက်-ဖျက်-ဆူပူသောင်းကြမ်းမှုများဖြင့်ရှုတ်ပွေ၍နေချေသော် တိုင်းသူပြည်သားများသည်၊ လူဆိုးသူခိုးစသည်တို့၏ ဘေးရန်ကို အစဉ်သဖြင့် ထိတ်လန့်ကြောက်ရွံ့နေကြရသဖြင့်၊ ကျီးလန့်စာစား "အိပ်ရှေ့ပူ-အိပ်နောက်မချမ်းသာ" စသော စကားများအရ စိတ်၏ချမ်းသာသာယာမှုကို အလျင်းပင်မနေနိုင်ကြဘဲ ပူပင်သောကရောက်ကြရလေသည်။ လုပ်ရေးဆောင်တာများ၌သည်း အဘက်ဘက်က အဆီးအတားအနှောက်အယှက်များကြောင့် တိုးတက်ကြီးပွါးမှုကို မရနိုင်ကြသည့်ပြင် တိုင်းသူပြည်သားများသည် အုပ်ချုပ်သော အစိုးရများ ကိုပင်အကြည်ညိုပျက်သွားတတ်ကြလေသည်။

ငြိမ်ဝပ်ပိပြားရေးမရှိသျှင် တိုင်းပြည်၏ တည်တံ့မှုကို မရနိုင်ဘဲ ထိခိုက်ပျက်စီးပေါက်သဘွယ်ဖြစ်သွားမည်ဖြစ်သဖြင့် တိုင်းပြည်တပြည်၏ လွတ်လပ်ရေး တည်မြဲမှုတွင် ငြိမ်ဝပ်ပိပြားရေးသည် မရှိလျှင်မဖြစ်သောအရင်းခံအချက်ကြီးတရပ်ဖြစ်လေသည်။

## (၂) လုံခြုံရေး။

လွတ်လပ်သော တိုင်းပြည်၌ ငြိမ်ဝပ် ပိပြားရေး လိုအပ်သကဲ့သို့ လုံခြုံရေးသည်လည်း အလားတူ လိုအပ်လေသည်။ အဆိုပါလုံခြုံရေးသည် တိုင်းပြည် အာဏာပိုင် ကြံ့ခိုင်ကြီး

များ၏ သက်တမ်းတွင် ရှိသဖြင့် ၎င်းတို့၏ တာဝန်ဝတ် ဖြစ်ပေ သည့် တိုင်းပြည်သို့ကျူးကျော်ရန်အစိုးရက ကာကွယ်နိုင်ရမည်၊တိုင်းသူ ပြည်သားများ၏ အိုးအိမ်နှင့် အသက်သည်းစိမ်းများ၏ လုံခြုံမှု အတွက် ပြည်ပိုင်အစိုးရများကထိန်းသိမ်းကာကွယ်ပေးရပေမည်၊

ဆိုခဲ့သည့်အတိုင်း တိုင်းပြည်အတွင်း၌ ပြည်တွင်း သူပုန် သောင်းကျန်းထကြွမှု ခိုးမှုလုယက် တိုက်ဖျက်မှု များသည် တိုင်းသူ ပြည်သားများ၏ လုံခြုံရေးကိုများစွာထိခိုက်လေသည်၊ပြည်ပ၏ ရန်သူများသည်လည်းထိုနည်းတူစွာပင်၊တိုင်းပြည်၏လုံခြုံမှုကို အနှောက်အယှက်ပေးလေသည်၊ထိုဘေးရန်များကိုဆီးတားပိတ် ပင်တားဆီးခြင်းမပြုနိုင်ပါက တိုင်းပြည်သည် ကမောက် ကမ ဖြစ်ပြီးရန်သူ၏လက်တွင်းသို့အမြန်သက်ဆင်းနိုင်သည်ဖြစ်သဖြင့် လွတ်လပ်သောတိုင်းပြည်သည် လုံခြုံမှုအတွက် ကြီးလေးသော တာဝန်ဘာရပ် ဖြစ်လေသည်၊

## (၃) အစိုးရဝင်ငွေနှင့် သုံးငွေ။

တိုင်းပြည်ကိုအုပ်ချုပ်ရာ၌အုပ်ချုပ်ရေးဆိုင်ရာများအရဌာန ပေါင်း မြောက်များစွာခွဲပြီး အမှုထမ်း အမြောက်အများ တို့ဖြင့် တာဝန်ခွဲဝေ အုပ်ချုပ် ရသည် ဖြစ်သဖြင့် ထိုအမှုထမ်းများ အ တွက် တနှစ်လျှင် အစိုးရငွေများကို သန်းပေါင်းမြောက်များ စွာအကုန်အကျခံကာ လစာငွေများပေးရလေသည်၊ထိုမှတပါး အငြိမ်းစား ရိက္ခာတော်ရများ အတွက်လည်း ငွေအမြောက်အ များ ထပ်ဆင့်ကုန်ကျရပြန်လေသည်၊ ယခုအခါဝယ် စစ်ကြီး ပြီးစအခါဖြစ်သည့်အားလျော်စွာ စစ်အတွက်ဆုံးရှုံးခဲ့သော ငွေ

ဖျက်အစီးများကို ပြန်လည် ထူထောင်ကြရသဖြင့် ငွေထွက် ထမ်းပိုးအကုန်အကျများရပြန်လေသည်။

အစိုးရ၏ဝင်ငွေမှာမူ အကောက်နှင့် အခွန်တော်ငွေများမှ တပါး အခြား၌မရှိချေ။ ဝင်ကုန်နှင့် ထွက်ကုန်များ၏ အပေါ်တွင် တန်ဖိုးအလိုက်အကောက်ယူခြင်းသည်အစိုးရ၏ ငွေဝင်လမ်းကြောင်းကြီးတခုဖြစ်လေသည်။ ထိုမှတပါး လယ်မြေ၊ သစ်မျိုး၊ သတ္တုတွင်း အစရှိသည်တို့၌သည်း အခွန်တော် ငွေများ ရနိုင်သေးသည်။ ၎င်းပြင် ဝင်ငွေများသောသူများအပေါ်၌ အမြတ်တော်ကြေးငွေ ကောက်ယူခြင်း သည်လည်း အစိုးရ၏ ဝင်ငွေ တရပ်ပင်။

ဖော်ပြခဲ့သည့်အတိုင်း ဝင်ငွေနှင့် ထွက်ငွေမမျှ၍ ဝင်ငွေ ကနည်းပြီး ထွက်ငွေကများချေသော်၊ အစိုးရသည်၎င်း၊ တိုင်းပြည်သည်၎င်း မတည်မြဲနိုင်ချေ။ ဗမာနိုင်ငံတော်ကြီး၏ ယခုလက်ရှိအခြေအနေအရ ဝင်ငွေကနည်း၍ သုံးငွေက များပြားလျက်ရှိပြီးဗမာပြည်အစိုးရသည်အိန္ဒိယနှင့်ဗြိတိသျှအစိုးရများထံမှ ငွေကုဋေပေါင်းများစွာ အကြွေးတင်လျက် ရှိသဖြင့် အဆိုပါအကြွေးများကိုပြန်လည်ပေးဆပ်ရန် အခက်အခဲ အမျိုးမျိုးတို့နှင့် ရင်ဆိုင်ကြရပေဦးမည်၊ သို့ဖြစ်၍ လွတ်လပ်သောတိုင်းပြည်၏ လွတ်လပ်ရေး တည်တံ့မှုအတွက် ငွေသည်လည်းအချက်အချာ ပြဿနာကြီးတခုဖြစ်တော့၏။

## (၄) ညီညွတ်ရေး။

တိုင်းပြည်အတွင်း ညီညွတ်ရေးရှိမှသာလျှင် လွတ်လပ်ရေး

တည်မြဲနိုင်မည်ဖြစ်၏။ သို့ရာတွင် ဒီမိုကရေစီ တိုင်းပြည်တိုင်း၌ အစိုးရ၏ ဘက်တော်သားများနှင့် အတိုက်အခံ ဂိုဏ်းဟူ၍ နှစ်ဘက် ရှိစမြဲပင်ဖြစ်သည်၊ အတိုက်အခံဂိုဏ်းမရှိသော အုပ်ချုပ်ရေးသည်ဒီမိုကရေစီစစ် မဖြစ်နိုင်။

မစ္စတာချာချီနန်းရင်းဝန်ဖြစ်စဉ်အခါက မစ္စတာအက်တလီသည် အတိုက်အခံခေါင်းဆောင်ဖြစ်ခဲ့၏၊ ၎င်းတို့နှစ်ဦးသည် အစဉ်ပင်အတိုက်အခံဖြစ်ကြသော်သည်း ဂျာမဏီနှင့်အင်္ဂလိပ်စစ်ဖြစ်သောအခါ အတိုက်အခံကိစ္စကို ခေတ္တရပ်စဲကာပူးပေါင်းပြီး ဂျာမဏီကို မနိုင်မချင်း တိုက်ခိုက်ခဲ့ကြသေးသည်။ စစ်ကြီးပြီးမှသာအတိုက်အခံလုပ်ငန်းကိုပြန်၍စကြလေသည်၊ မြန်မာပြည်၌ကား လွတ်လပ်ရေးရသည်နေ့မှစ၍ နိုင်ငံရေးပါတီများ မသင့်မတင့် ဖြစ်ရုံမကဘဲ အစိုးရအား လက်နက်ကိုင် တော်လှန်ကြသဖြင့် ညီညွတ်ရေးခေါင်းပါးသော တိုင်းပြည်ဟုခေါ်နိုင်ပေသည်။ ဤကဲ့သို့ ညီညွတ်မှုမရနိုင်သောတိုင်းပြည်၌ လွတ်လပ်ရေးတည်မြဲရန်အလွန်တရာမှခဲယဉ်းပေမည်၊ မြန်မာပြည်တွင်သာမဟုတ်ဘဲ မည်သည့်လွတ်လပ်သောတိုင်းပြည်မဆို ညီညွတ်မှုကိုမရကြပါက လွတ်လပ်ရေးမတည်မြဲနိုင်ချေ။

## (၅) ကာကွယ်ရေး။

လွတ်လပ်သော တိုင်းပြည်တပြည်၏ တည်တံ့မှုသည် ကာကွယ်ရေးအပေါ်၌လည်းတည်လျက်ရှိပေသည်၊ ကာကွယ်ရေးအတွက် ကုန်းတပ်-ရေတပ်-လေတပ်အစရှိသည်တို့လုံလောက်

စွာရှိရမည့်အပြင် အားကိုးနိုင် လောက်သည့် မဟာမိတ် နိုင်ငံများလည်းရှိထားရန်လိုအပ်လေသည်။

ကျွန်ုပ်တို့ ဗမာနိုင်ငံတော်ကြီး၌ ကုန်းတပ်နှင့် ပါဝင်သက်၍ တပ်ရင်း (၁၀) တင်မျှသာရှိ၍ တင့်ကားတပ်မှာ အလျဉ်းမရှိသေးချေ၊ အမြောက်တပ်ဟူ၍လည်းမရှိသေး၊ ရေတပ်၌မူကား အလွန်တရာ အင်အားနည်းပါးသေးသည့်အပြင်၊ "မေယု" ခေါ် စစ်သင်္ဘောအငယ်စားတစင်းနှင့်လက်နက်တင်မော်တော်အချို့သာရှိသေးသည်၊ ဗမာ့လေတပ်၌ကား တိုက်လေယာဉ်ပျံ ၃ စင်းမျှသာရှိသေးသည်ဟု သိရှိရလေသည်၊ ဤမျှလောက်သော အင်အားနှင့် တိုင်းပြည်ကို ထိရောက်စွာ ကာကွယ်နိုင်မည် မဟုတ်သဖြင့် ထပ်မံတိုးချဲ့ရန်ပိုမိုလိုအပ်လေသည်။

## (၆) နိုင်ငံခြားရေး။

မြန်မာပြည်၏ အိမ်နီးချင်း တိုင်းပြည် တို့ကား အိန္ဒိယ၊ ပါကစ္စတန်၊ ယိုးဒယားနှင့် တရုတ်ပြည်များဖြစ်ပေသည်၊ အဆိုပါ အိမ်နီးချင်းတိုင်းပြည်များသို့တိုင်းပြည်အချင်းချင်းပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် နိုင်ငံခြားသံအမတ်များကို ရွေးချယ်စေလွှတ်ထားရလေသည်။ မြန်မာပြည်ကလည်းအဆိုပါ နိုင်ငံများသို့ သံအမတ်များကို စေလွှတ်ပြီးဖြစ်လေသည်၊ သို့ရာတွင် လုပ်ငန်းမည်မျှ အောင်မြင်ထမြောက်သည်ကို ကောင်းစွာ မဝေဘန်နိုင်ကြသေးချေ။

တရုတ်ပြည်ကမြန်မာပြည်၏ ၃ ပုံ ၁ ပုံ ခန့် ကျယ်ဝန်းသော မြန်မာပြည် အထက်ပိုင်းနယ်စပ်ဒေသများသည် မိမိတို့နှင့်သက်

ဆိုင်သည်ဟု မြန်မာပြည် လွတ်လပ်ပကာပင် ကြွေးကြော်ခဲ့၏။ မြန်မာပြည်တွင်းသို့ နိုင်ငံကူးသက်မှတ်မပါဘဲ အဆက်မပြတ် ဝင်နေသောသတင်းမှာ ယခုတိုင် ကြားကြရဆဲပင်။ ဗမာအစိုးရက ကြိမ်ဖန်များစွာ ကန့်ကွက်ခဲ့သော်လည်း ယခုတိုင် ဝင်လာမစဲတသဲသဲဖြစ်နေခြင်းမှာ မြန်မာပြည်ကို တရုတ်များနယ်ချဲ့လိုသသောဟုစိုးရိမ်ဘွယ်ရာပင်။

ဗမာအစိုးရက ကုလားအမျိုးသားပိုင်ဆိပ်ကြီးဈေးကိုသိမ်းဆည်းချုပ်ကိုင်ခဲ့၏။ဈေးသူဈေးသားများကလည်း အရေးဆိုကြ၏။ဆိပ်ကြီးဈေးကိုရုတ်တရက်သိမ်းလိုက်လျှင်ကုလားများမည်သို့ လှုပ်လှုပ်ရွရွဖြစ်မည်ကို မပြောနိုင်။ ဗမာပြည်၌လယ်ကော ၁၂ သန်းခန့်အနက် ကုလားပိုင် ထက်ဝက်ခန့်ရှိ၏။ လယ်မြေဝေငှရေး ဥပဒေသည်း ထွက်ပေါ်တော့မည်။ အိန္ဒိယနှင့်ပါကစ္စတန်သယ်ပိုင်ရှင်များမည်သို့စခန်းသွားကြမည်ကို မခန့်မှန်းနိုင်။

ယိုးဒယားပြည်ကို မြန်မာဘုရင်သွားရောက်တိုက်ခိုက်စဉ်အခါက မည်သို့မည်ပုံ ရမ်းကားခဲ့သည်ကို ယိုးဒယား လူမျိုးများက ရာဇဝင်၌ အထင် အရှား ရေးသား ဖော်ပြ ထား၍ကျောင်းသူကျောင်းသားများအား သင်ကြားပေးသည်ဟူ၍၎င်း။ ယိုးဒယားများကမြန်မာများအား ပြန်လည်ချေပ လိုသည် ဟူ၍၎င်း၊ လူအများပြောဆိုသံကို ကြားဘူးလေသည်။

ထို့မှတပါး ဗြိတိသျှနိုင်ငံသည် မြန်မာနိုင်ငံနှင့် ယခုအထိမဟာမိတ်ပင်ဖြစ်သော်လည်း။ဗမာအစိုးရက ဗြိတိသျှပိုင် ကုမ္ပဏီကြီးများကို သိမ်းယူသော ကိစ္စနှင့် စပ်သက်၍ ၎င်းတို့မ

ချေးနပ်ကြကြောင်းဖြင့် ဘီလပ်သတင်းစာများကရေး၍ ပါထိမ်အမတ်အချို့တို့သည်ပင် ထုတ်ဖော်ကျေညာကြလေသည်။

ဗမာနိုင်ငံတော်သည် အခြားသောတိုင်းနိုင်ငံများနှင့် ပေါင်းသင်းဆက်ဆံချာ၌ မသင့်မတင့်ချေသော်၊ တဦးနှင့်တဦးအငြင်းပွါးကြရာမှ စစ်ဖြစ်သည့်အခြေသို့ပင် ဆိုက်ရောက်နိုင်ပေသည်။ အကယ်၍ စစ်ဖြစ်ခဲ့သော် အခြားနိုင်ငံကြီးများက မြန်မာပြည်ကိုလွယ်ကူစွာ သိမ်းယူနိုင်မည်ကိုယုံမှားသွယ် ရာမရှိသင့်ချေ။ သို့ဖြစ်၍ နိုင်ငံခြားရေးသည် အလွန် အရေးကြီးသည့် အတိုင်း၊ နိုင်ငံခြားရေးဝန်ကြီးနှင့် နိုင်ငံခြားသံအမတ်များသည် လွန်စွာပါးနပ်လိမ္မာကြရန်လိုအပ်ပေသည်။

## (၇) ငွေစက္ကူတန်ဘိုးတည်တန့်ရေး။

တိုင်းပြည်တပြည်၌စီးပွါးရေးတောင့်တင်း၍ ငွေလုံလောက်စွာရှိသောအစိုးရ၏ ငွေစက္ကူများသည် မည်သည့်အခါမျှ တန်ဘိုးမလျော့နိုင်ချေ။ သို့ရာတွင် တိုင်းပြည်၌ စီးပွါးရေးညှိုးမျှင်လျက် ငွေမလုံမလောက်ချေသော်' ငွေစက္ကူတန်ဘိုး လျော့ဆင်းခြင်းအားဖြင့် တိုင်းပြည်၏အခက်အခဲများ ထွက်ပေါ်လာနိုင်၏။ ယခုအခါ ဗမာငွေကို အင်္ဂလိပ်စတာလင်နှင့် ပူးပေါင်း ထားသောကြောင့် အင်္ဂလိပ်များက မြန်မာပြည်၏ စီးပွါးရေးအခြေအနေကိုကြည့်ပြီးဗမာငွေ၏တန်ဘိုးကိုလည်းချုပ်နိုင်ကြောင်းကို ကျွန်ုပ်တို့သတိမူရပေမည်။ အကယ်၍ ဗမာ့ငွေစက္ကူ၏တန်ဘိုးကျသွားချေသော်၊ တိုင်းရင်းသားများသည်အစိုးရကိုအယုံအကြည်နည်းသွားပေလိမ့်မည်။ ဤကိစ္စနှင့်ပါတ်သက်၍ မြန်မာ

ပြည်ကို ဂျပန်များစိုးမိုးသည့်အခါ ငွေစက္ကူ၏တန်ဖိုး လျော့သွားသည့်အခါနှင့် ယခုလက်ရှိ တရုပ်ပြည်ငွေစက္ကူပြဿနာများကိုနှိုင်းယှဉ်ကြည့်လျှင် တိုင်းသူပြည်သား၏အစိုးရအပေါ် ထား၍ရှိသောသဘောထားကိုကျွန်ုပ်တို့ဝေဘန်နိုင်ပေလိမ့်မည်။ အစိုးရအားတိုင်းသူပြည်သားများ၏ အယုံအကြည်ကင်းမဲ့ခြင်းသည်ထိုတိုင်းပြည်၏ဘည်တန့်ရေးကိုပျက်ပြားစေလေသည်။

## (ဂ) လူနည်းစုပြဿနာ။

လွတ်လပ်သောတိုင်းပြည်တပြည်သည် လူနည်းစု၏ ပြဿနာကိုမဖြေရှင်းနိုင်လျှင် ထိုလွတ်လပ်ရေးသည်ကြာမြင့်စွာတည်တန့်ခိုင်မြဲနိုင်မည် မဟုတ်ချေ။ ထိုပြည်တိုင်းနိုင်ငံတိုင်း၌လူနည်းစုအခွင့်အရေးဟူ၍ရှိ၍မြဲပင်ဖြစ်ချေသည်။ မြန်မာနိုင်ငံတော်ကြီးသည်လူနည်းစုခေါ် လူမျိုးစု အသွင်များပြားသော တိုင်းပြည်ဖြစ်ရကား လူနည်းစုများဖြစ်ကြကုန်သော ကရင်-ရှမ်း-ကချင်-ချင်း-ရခိုင်-တလိုင်း-တရုပ်-ကုလား-ဆလုံ စသည်တို့ကိုပေါင်းစည်းလိုက်သော် လူများစုပင်ဖြစ်သာပြန်လေသည်။

ယခုအခါတွင် ဗမာများသည် လူမျိုးစု တဦးတည်း အနေနှင့် တိုင်းပြည်အတွင်း၌ အထက်တန်းစား အခွင့်အရေးဟူသမျှတို့ကို အကုန်လက်ဝါးကြီးအုပ်၍ နေသဖြင့် တိုင်းရင်းသားလူနည်းစုများသည်ကျေနပ်မှုမရကြပေ။ ထိုမှတပါး လူနည်းစု အထဲမှ ရာသူးကိုင်နိုင်နိုင်းတက်မက်သော လူတစု၏ကျေနပ်မှုရရုံလောက်သာ ဂရုပြု၍ မကျေနပ်မှု အမြောက် အများ တို့ကို ကာစ၊လစ်လျူရှုကာသာနေကြ၍။ အထူးသဖြင့်ဒုတိယအကြီးဆုံး



ကွယ်လွန်သူ ဦးစံဘော်

*O.B.E.,K.I.H.,* အထက်လွှတ်တော်အမတ်ဟောင်း

ဒေါကလုအစည်းအရုံး ဥက္ကဋ္ဌ-ဟောင်းတဦး။



ကွယ်လွန်သူဒေါက်တာဆာစံစီဖိုး၊ *Kt., C.B.E., M.D*
ဒေါကလုအစည်းအရုံးဥက္ကဋ္ဌဟောင်းတဦး။

ဟုခေါ်နိုင်သောကရင်လူထုသည် စိတ်ကျေနပ်မှု ကိုအလျှင်းမရကြသေးချေ။

လူနည်းစု၏ပြဿနာကို မဖြေရှင်းနိုင်လျှင် ဗမာပြည်သည် ကြာမြင့်စွာ လွတ်လပ်နိုင်လိမ့်မည်မဟုတ်၊ အကြောင်းမူကား ကျေနပ်မှုကို မရကြကုန်သောလူနည်းစုတို့သည်၊ ထွက်ပေါက်ကိုရှာကြလိမ့်မည်၊ ၎င်းအတောအတွင်းဝယ် ဗမာများက အချင်းချင်းကွဲနေကြပြန်လျှင် လူနည်းစုများက မိမိတို့အခွင့်အရေး အတွက် ကွဲနေသော ဗမာများနှင့်ပူးပေါင်းကာ အစိုးရအားအနှောင့်အယှက်ပေးနိုင်ဘွယ်ရာအကြောင်းရှိလေသည်။

သို့ဖြစ်၍မြန်မာနိုင်ငံ၌ရှိကြကုန်သောလူများစုနှင့်တကွ အာဏာပိုင်အစိုးရများသည် လူနည်းစုပြဿနာကို ၎င်းတို့ကျေနပ်သည့်တိုင်အောင် ဖြေရှင်းနိုင်ဘို့လိုအပ်လှ၏။ သို့မှသာလျှင် ဗမာနိုင်ငံ၏လွတ်လပ်ရေးကြီးသည် ခိုင်ခန့်တည်မြဲနိုင်ပေလိမ့်မည်။

### အခန်းကြီး။

## လက်ရှိအစိုးရ၏ အခက်အခဲများ။

ကျွန်ုပ်တို့သိရှိခဲ့သည့်အတိုင်းလွတ်လပ်သောဗမာနိုင်ငံတော်ကြီးကို ဖ-ဆ-ပ-လ အစိုးရက (၇) လတိုင်တိုင် အုပ်ချုပ်လာခဲ့ပြီ၊ ထိုအုပ်ချုပ်ခဲ့သော (၇) လအတွင်းတွင်လက်ရှိအစိုးရသည် အခက်အခဲအမျိုးမျိုးတို့ကိုရင်ဆိုင်ခဲ့ကြရ၏။ ဤကဲ့သို့အခက်အခဲအမျိုးမျိုးတို့နှင့်ရင်ဆိုင်ကြရသောအကြောင်းတရင်ကား လက်ရှိအစိုးရအဖွဲ့တွင် ကြီးကိုင်လျက်ရှိသော ဝန်ကြီးများသည် အများအားဖြင့် ငယ်ရွယ်သော သူများ ဖြစ်သည့်အပြင် နိုင်ငံရေးလုပ်ငန်းများကိုနှစ်ရှည်လများကိုယ်တွေ့ဆောင်ရွက်ခဲ့ဘူးခြင်း မရှိသေးသောကြောင့်ပင်ဖြစ်၏။ နိုင်ငံရေးသက်ရင့် ကျွမ်းကျင်သည်ဟု ဆိုနိုင်လောက် သော ဝန်ကြီး ဦးဘဖေ သည်လည်း စိုလ်ချုပ်တို့ဂကျဆုံးမှီကပင် ဖ-ဆ-ပ-လမှထွက်သွားလေပြီ။ လက်ရှိအစိုးရ၏ **အခက်အခဲ များမှာ** အောက်ပါအတိုင်း ဖြစ်လေသည်။

### (၁) လူဆိုးများသောင်းကြမ်းရေး။

ပြည်ထဲရေးဝန်ကြီးဦးကျော်ငြိမ်းက “လွတ်လပ်သောဗမာနိုင်ငံအတွင်းမှာ ငြိမ်ဝပ်ပိပြားရေးအတွက် အဘိုးအခ မည်မျှပေး၍ ဝယ်ရဝယ်ရ-ဝယ်ယူမည်” ဟု ပြောခဲ့ဘူး၏။ အဆိုပါစကားအရ တိုင်းပြည်အတွင်းရှိ လက်နက်ပုန်းများကို ကန့်သတ်ထားသော အချိန်အတွင်း ပြန်လည်ပေးအပ်ခဲ့သော် သင့်တော်သောအ[illegible]အခကိုပေးမည်ဟူ၍လည်း အတိအလင်း ကြေညာ

ခဲ့၏၊ ထိုကျေညာချက်နှင့် တပါတည်း ကန့်သတ်ထားသည် အချိန်မှ ကျော်လွန်ပြီး လက်နက်များ မအပ်ခဲ့သော်၊ တွေ့ရှိသည့်အခါ သေဒဏ်ပေးမည်ဟူသောဥပဒေတရပ် ပေါ်ထွက်လာလေသည်။

အဆိုပါ ကြေညာချက်အတိုင်း ဆုငွေများကို အလိုရှိသောသူများသည် မိမိတို့၏အသုံးချ၍မရသော လက်နက် ခဲယမ်း မီးကျောက်များကိုသာ ဆုအတွက် ပေးသွင်းခဲ့ကြလေသည်၊ အစိုးရအားပြန်လည်ပေးအပ်သော လက်နက်ခဲယမ်း မီးကျောက်များအနက် ကရင်အမျိုးသားများ၏ လက်တွင်းမှ ( ၂၀ ) ရာခိုင်နှုန်း ပြန်လည်ရရှိသည်ဟု အစိုးရ၏ကြေညာချက် တရပ်တွင် တွေ့ရှိရ၏။ သို့ရာတွင် လူဆိုးသူဆိုးများ၏ လက်မှလက်နက်ခဲယမ်းမီးကျောက်များရရှိသည်ဟု မတွေ့ကြရချေ။

ထို့မှတပါးအစိုးရကထားဖြတ်ကိုက်သောသူများကို သေဒဏ်ပေးမည်ဟုဆိုထားခဲ့သော်လည်း ထားဖြတ်မှုများသည် နည်းပါးပပျောက်သွားသည်ဟု မရှိဘဲ။ စစ်မဖြစ်မီကထက် ဆပေါင်းမြောက်မြားစွာ တိုးတက် ဖြစ်ပွါးလျက် ရှိသည်ကို တွေ့ရှိကြရလေသည်။ အချို့သောအရပ်ဒေသများ၌ ဖြန့်ပေးများပင်ထကြွလျက်ရှိ၏။ ထိုသောင်းကြမ်းမှုများကို အစိုးရက အနုနည်းအားဖြင့်၎င်း၊ အကြမ်းနည်းအားဖြင့်၎င်း နှိမ်နင်းခဲ့သော်လည်း နည်းပါးသွားသည့်လက္ခဏာများ မပေါ်ပေါက်သေးချေ၊ ဘော်ပြပါအခက်အခဲများကြောင့်တိုင်းရင်းသားများတွင်အတိဒုက္ခရောက်ကြရသည်ဖြစ်၍ ၎င်းပြဿနာကိုအစိုးရက ထိရောက်စွာ နည်း

ပါးမ ႏပျောက်သွားအောင် အရေးယူ ဆောင်ရွက်ပေးနိုင်စွမ်းမရှိ ပါမူ၊တိုင်းပြည်ကြီးစည်ပင်ဝပြောနိုင်လိမ့်မည်မဟုတ်ချေ။

## (၂) ကရင်နီပြည်အရေး။

သမတဗမာနိုင်ငံတော်၏အာဏာပိုင်များသည် ကရင်နီပြည်နယ်ကို မြန်မာနိုင်ငံတော်အတွင်းသို့သွတ်သွင်းလိုသော စေတနာကြောင့် လူထု၏ဆန္ဒကိုအရမယူဘဲ၊ ဖ-ဆ-ပ-လကို အားကိုး၍ ရာဘုး မက်သော ခေါင်း ဆောင် အချို့တို့ ကိုသာ ခေါ်ဆောင်ပြီး၎င်းတို့၏သဘောထားကိုသာမေးမြန်းလျက်လူထု၏ ဆန္ဒဟုဆိုကာ ကရင်နီပြည်ကို မြန်မာနိုင်ငံတော်တွင်းသို့သွတ်သွင်းခဲ့လေသည်၊ ခေါင်းဆောင် အချို့တို့ကလည်း ဟန်ပြအနေနှင့် အစည်းအဝေးကလေးတခုခေါ်ကာ မိမိတို့လိုလားသောအချက်များပါသောဆုံးဖြတ်ချက်များကိုအတည်ပြုလျက် လူထုအသံအနေနှင့်ကြွေးကြော်ခဲ့ကြ၏။

ဆော်ပြပါစနစ်မျိုးဖြင့် လူထု၏ဆန္ဒကိုရအောင် ဆောင်ရွက်ခဲ့ခြင်းမပြုသဖြင့် ယခုအခါ ကရင်နီပြည်သည် နှစ်ခြမ်းကွဲသွားရချေပြီ။ ကရင်နီပြည်၏ဦးစီးအဖွဲ့ (Supreme council) ၌ ကရင်နီ ဝန်ကြီးနှင့် အမတ်များ မပါမဝင်ချေ။ ကရင်နီပြည်၏ ဗဟိုရှိဦးစီးအဖွဲ့ကလည်း အဆိုပါဝန်ကြီးများနှင့် အမတ်များကိုအသိအမှတ်မပြု။ ဗမာပြည်နှင့်လည်းမပူးပေါင်းလိုကြောင်းနှင့်အတိအလင်းဆုံးဖြတ်အတည်ပြုကျေညာခဲ့၏။ ဗမာပြည်နှင့် ပူးပေါင်းလိုသောသူများသည် နောက်လိုက် နောက်ပါ လူထု အနည်းငယ်မျှသာရှိ၍ ကရင်နီပြည်တွင်းသို့ ပြန်သွားကြရန်ပင် မိုးမြင့်မကောင်းဖြစ်လျက် ရှိကြသည်ဟု ကြားသိရ လေသည်။ ဗမာ

ပြည်နှင့်ပူးပေါင်းလိုသောမြို့စားတဦးသည်မိမိ၏နယ်တွင်း၌ပင် မနေဝန့်တော့ကြောင်းနှင့်မကြာမီကသတင်းရရှိလေသည်။

ဤအခက်အခဲသည် ကရင်အမျိုးသားများအတွက် ဆိုလျှင် သေးငယ်လှစွာသောအခက်အခဲမဟုတ်ချေ။ အချို့သော ခေါင်းဆောင်များ၏တာဝန်မဲ့စွာဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များကြောင့် ကချင်အမျိုးသား အချင်းချင်း စိတ်ဝမ်း ကွဲပြား မှုများ ပေါ်ပေါက်လာကာ တဦးနှင့်တဦး စောင်နေသောအဖြစ်သို့ပင် ရောက်ရလေသည်၊ ဘော်ပြပါအခက်အခဲကို သက်ဆိုင်ရာအာဏာပိုင်များက အဆင်ပြေ သွားအောင် ဖြေရှင်းမပေးနိုင် ချေသော်ထို့ တက်မကကြီးလေးသောအခက်အခဲများဖြစ်ပေါ်လာနိုင်ဘွယ်ရာအကြောင်းရှိလေသည်၊

## (၃) သံလွင်နယ်အရေး။

အထက်တွင် ဘော်ပြခဲ့သည့်အတိုင်း ကရင်နီ ပြည်နယ်ကို ဗမာနိုင်ငံတော် အတွင်းသို့ သွတ်သွင်းခဲ့သည် နည်းတူ သံလွင်နယ်ကိုလည်း ဗမာနိုင်ငံတော်အတွင်းသို့သွတ်သွင်းခဲ့သည်ကို သတိရှိသူတိုင်း နားလည်ပြီးဖြစ်ပေလိမ့်မည်။ လွန်ခဲ့သောတနှစ်ကျော်ခန့်က သံလွင်နယ်တွင် လူထုအစည်းအဝေးကြီး ကျင်းပရာ၌ စောချစ်တီးနှင့် အဘော်တပ တို့အား ကာနယ်ရီးစ်ဝီထို ကော်မရှင်ထံသို့ကိုယ်စားလည့်စေလွှတ်ဘူး၏။ ထိုစဉ်အခါက ကိုယ်စားလည် များသည် သံလွင်နယ်ကို ဗမာပြည်နှင့် မပူးပေါင်းသေးဘဲ၊ နောင်ကရင်ပြည်ရသည့်အခါတွင် ကရင်ပြည်၏ ထစိတ်တဒေသအနေနှင့် ဆက်သွယ်ဆောင်ရွက် သွားမည်ဟု အတိအလင်းထွက်ဆိုခဲ့ကြ၏။ ထိုအခိုက်အတန့်၌ပင်စောလူးလူ

နှင့်အဖော်တစုတို့သည်နိုင်ငံရေးပယောဂခြေထိုးမှုတို့ကြောင့် ရန်ကုန်မြို့သို့ ရောက်လာကြကာ၊ မေမြို့သို့ ရောက်ရှိနေသော ကာနယ်ရီးစ်ပီလျံကော်မရှင်ထံသို့ သွားရောက်ပြီး လူထု အစည်းအဝေး တခါဘူးမျှမကျင်းပဘဲလျက်နှင့် ကျင်းပသည့်အနေနှင့်စည်းဝေးဆုံးဖြတ်ချက်တရပ်ကို တင်ပြခဲ့လေသည်၊

၎င်းတို့၏ဆုံးဖြတ်ချက်ကား၊ သံလွင်နယ်သည်ဗမာနိုင်ငံနှင့် ပူးပေါင်းလိုကြောင်းပင်ဖြစ်၏။ ထိုဆုံးဖြတ်ချက်သည် လူထု အစည်းအဝေးမှဆုံးဖြတ်သောဆုံးဖြတ်ချက်များမဟုတ်သဖြင့် တရားမဝင်ကြောင်းနှင့် ကေ-အင်-ယူကိုယ်စားလှယ်များကအတိအလင်းသက်သေခံသဖြင့် ၎င်းကိစ္စသည် မတင်မကျဖြစ်ခဲ့၏။

ထို့နောက် လော့လစ္စတိုးဝဲလ် လာခါနီးတွင် သံလွင်ခရိုင်မှ ကရင်အမျိုးသား များသည် လူထုအစည်းအဝေးများကို ခေါ်ယူကာ စောဒီဂေးအား လော့လစ္စတိုးဝဲလ်နှင့်တွေ့ဆုံခန်ကိုယ်စားလှယ်အဖြစ်ရွေးကောက်စေလွှတ်ပြန်သည်။ အဆိုပါ စောဒီဂေးအားသည်း ရန်ကုန်မြို့သို့ရောက်ရှိသောအခါတွင် ကေ-အင်-ယူ အဖွဲ့ချုပ်၏ ခေါင်းဆောင်ကြီး များနှင့် တွေ့ဆုံပြီး ၎င်းတို့၏သဘောတူညီချက်အရ သံလွင်ခရိုင်၏ ဆန္ဒကို ဖော်ပြရမည်ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်လေသည်။

စောဒီဂေးသည် ရန်ကုန်မြို့သို့ ရောက်ရှိ လာသော အခါ ကေ-အင်-ယူ သို့မလာဘဲ စောသူးလူ၏အထံ၌တည်းခိုလျက် ကေ-အင်-ယူ၏သဘောတူညီချက်ကိုလုံးဝမစုံစမ်းဘဲ မိမိတဦးတည်း၏သဘောအရဝန်ကြီးချုပ်သခင်နုနှင့်တွေ့ဆုံဆွေးနွေးကာ လက်မှတ်ရေးထိုးခဲ့ လေသည်၊ ထိုကဲ့သို့ ပြုလုပ်ခြင်းကို

သံလွင်သူသုက ရှာဘခက်ခဲသီသဖြင့် စောဒိဂေး အပေါ်တွင် ကျေနပ်ခဲ့ကြ သော်လည်း နောက် နှစ်ဇေခန့် ကြာသော အခါ စောဒိဂေး၏ လုပ်ငန်းစဉ် မရိုးသားပုံ အလုံးစုံတို့ကို ကုန်စင် အောင် သိရှိလာသောအခါ များစွာယူကြုံးမရ ဖြစ်ကြရသော် လည်း အချိန်လွန်သွားပြီဖြစ်သဖြင့် ကြံရာမရဖြစ်ခဲ့ကြ၏။

စောဒိဂေးသည် သံလွင်နယ်တွင် အတော်နာမည် ထင်ပေါ် ခဲ့သောခေါင်းဆောင်ကြီးတဦးဖြစ်ခဲ့သဖြင့် ၎င်း၏လက်အောက် ကခရင်အမျိုးသား လူထုကြီး၏ အပေါ်တွင် ဩဇာအတော်ပင် ညောင်းခဲ့သည့်အတိုင်း နေ့အခါက အာဏာရှင်တမျှ မျက်နှာ ပွင့်လန်းခဲ့သော ပုဂ္ဂိုလ်တဦး ဖြစ်ခဲ့ သော်လည်း ခြေလှမ်းမှား သောအခါတွင် ၎င်းအား သံလွင် လူထုကြီးက စွန့်ပယ် လိုက် သေသည်။

ယခင်ကသံလွင်နယ်၌ ကေ-အင်-ယူအဖွဲ့အစည်းစနစ်တကျ မရှိသေးချေ။ ဖွဲ့စည်းထားသော အဖွဲ့အချို့တို့ကလည်း စော ဒိဂေး၏ခြေလှမ်းကိုစောင့်ကြည့်ကာကောင်းမွန်စွာလှုပ်ရှားကြ ချေ။ဗဟိုရုံအဖွဲ့ချုပ်မှသည်း ၎င်းတို့စနစ်တကျဖြစ်အောင်သွား ရောက်စည်းရုံးပေးနိုင်သည့်အခြေသို့ မရောက်သေးသဖြင့် ၎င်း တို့၏ အစည်းအရုံးသည် စနစ်တကျ မဖြစ်သေးဘဲ အင်အား နည်းပါးလျက်ရှိသေး၏၊သို့ရာတွင်ဘော်ပြပါအတိုင်းစောဒိဂေး အား အကြည်ညိုပျက်သွားသော အခါတွင်မူကား ကေ-အင်- ယူ အဖွဲ့အစည်းများသည် ပိုမိုနိုးကြားလာသည့်အတိုင်း စနစ် တကျ ပြန်လည်ဖွဲ့စည်း အောင်မြင် ထမြောက်ပြီဟု သိရှိရလေ သည်၊သို့နှင့်ပင်လွန်ခဲ့သည့် ၃ သလေဒ်ကသံလွ ယ်လုံးဆိုင်ရာ

ဗျော-ဆင်-ယု လူရာအစည်းအဝေးကြီးကိုအောင်မြင်စွာကျင်း
ပပြီးစီးချောက် ၎င်းအစည်းအဝေးခွဲပင် မျိုးချစ်လူငယ်တစ်ဦးဖြစ်
သူ စောဝေလ်ကိုအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်
ကြလေသည်။

ယခုအချိန်တွင်လက်ရှိသံတွင်နယ်သူနယ်သားများ၏သဘော
ထားကိုရုံစမ်းကြည့်သည့်အခါ၊၎င်းတို့သည် ဗျော-ဆင်-ယု အ
ဖွဲ့ချုပ်ကြီး၏ လုပ်ငန်းစဉ်များကို အကြွင်းမရှိ ထောက်ခံကြ
လျက် အရှင်ထီးသန့်ပြည်ကို အမှတ်ထိုက်သည့်ထိုက် အလိုရှိကြသည်
ဟုသိရှိကြရ၏။

## (၄) ရှမ်းပြည်အရေး။

ရှမ်းစော်ဘွားများသည် ရှေးရာဇဝင် အဆက်ဆက်တို့မှ
စ၍ မိမိတို့၏နယ်ကလေးများတွင်နေထိုင်ကာအေးချမ်းသာယာ
စွာဖြင့် အုပ်ချုပ်နေထိုင်ခဲ့ကြ၏။ ၎င်းတို့သည် ဒီမိုကရေစီစနစ်
အရအုပ်ချုပ်ခြင်း မပြုခဲ့သော်လည်း မိမိတို့၏ ယဉ်ကျေးမှုများ
အရ မိမိတို့၏ဩဇာအာဏာဖြင့် အေးချမ်းစွာပင် အုပ်ချုပ်ခဲ့
လေသည်၊ထိုစဉ်အခါကရှမ်းပြည်တွင်မကျေနပ်မှုသည်အလွန်
ထရာမှနည်းပါးလှသဖြင့် မရှိသလောက်ပင်ဖြစ်သည်ဟု ဆိုနိုင်
လောက်ပေသည်။

လွန်ခဲ့သောတနှစ်ခန့်လောက်က ရှမ်းပြည်တွင် လွတ်လပ်
ရေးအဖွဲ့တခုဟူ၍ အဖွဲ့တခုရုတ်တရက်ပေါ်ထွက်လာ၏။ ထို
အဖွဲ့ကို ကြိုးကိုင်သော ခေါင်းဆောင်များသည် ရှမ်းပြည်တွင်
သွားရောက် နေထိုင်သော မြန်မာများနှင့် ရှမ်းကပြားများသာ
ဖြစ်သည့်အပြင်၊ ၎င်းတို့သည် ကွန်မြူနစ်ဆန်သော သူများသော

ဖြစ်ကြပြဟန်လက္ခဏာရှိလေသည်၊ အဆိုပါ ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ ပေါ်ပေါက်လာသည့်နေ့မှစ၍ ရှမ်းပြည်၌ မကျေနပ်မှုများတနေ့တခြားများပြားလာသည်ကိုတွေ့ရှိကြရလေသည်၊

တခါကဦးထွန်းမြင့်အား ဗဟိုအာဏာပိုင်များက ရှမ်းပြည်ရေးရာဝန်ကြီးအဖြစ်ခန့်ထားလိုက်လည်းကို ရှမ်းလူထုကြီးက မကျေမနပ်ကြသဖြင့်အစိုးရအဖွဲ့က ရှမ်းလူထု၏ဆန္ဒကို လိုက်လျောခဲ့ရဘူး၏၊ ဦးထွန်းမြင့်ကိုလည်း မလွှတ်လိုသဖြင့် ရာထူးတနေရာ ပေးထားသည်ကို တွေ့ရှိရပြန်၏၊ မကြာမီက ရှမ်းစော်ဘွား များသည် စိတ်ဝမ်းကွဲပြား ကြသည်ဟု ကြားကြရသေး၏၊ မရှေးမနှောင်းဆိုသလိုပင် ရှမ်းစော်ဘွားများသည် အချက်ကြီး ၅ ချက်ပါသော အရေးဆိုချက်တို့ကို သဘောတူညီကြလိမ့်မည်ဟု သတင်းစာ များက ရေးသား ထားကြပြန်၏၊ ၎င်းအချက်ကြီး ၅ ချက်တို့ကိုမူ သတင်းစာများက ရေးသားဘော်ပြ ထားသည်ကို မတွေ့ရှိရသေးချေ။ ဤအခက်အခဲများကိုဖြေရှင်းရန်မှာ အစိုးရ၏တာဝန်ပင်ဖြစ်လေသည်၊

## (၅) လယ်မြေချထားရေး နှင့် လယ်သီးစား ဥပဒေများ

ကျွန်ုပ်တို့သိရှိကြပြီး ဖြစ်သည့်အတိုင်း လယ်သီးစားခကို လုပ်ယခွန်တော်၏နှစ်ဆပေးရမည်ဟု ဥပဒေတရပ်ထွက်ပေါ်လာသဖြင့် လယ်ရှင်များသည် မိမိတို့၏လယ်မြေကို ကိုယ်တိုင်ထွန်ယက်လုပ်ကိုင်ခြင်းမပြုရလျှင် ထမင်းငတ်သွားမည့်အဖြစ် မျိုးနှင့်ကြုံကျိုက်ခဲ့ကြရလေသည်၊ လယ်ဧက ၅၀ရှိသော လယ်ပိုင်ရှင်တဦး၏သီးစားခ ဝင်ငွေသည် ငွေ၂၀ဒီ ကျော်ထက်မများ

သဖြင့်၎င်းတို့သည် မိမိတို့၏အိမ်ထောင်အတွက် ဝမ်းစာစပါး လုံလောက်အောင် မဝယ်နိုင်ကြချေ၊ လယ်ဧက ၂၀ ရှိသောလယ် ပိုင်ရှင်တဦးသည်လယ်သီးစားခဝင်ငွေ၈၀ိမျှသာရတော့သဖြင့် ဝမ်းစာစပါးဝယ်နိုင်ဘို့ဝေးစွ၊ ငြုပ်-ဆား ဆီများကိုပင်တနှစ် စာဖူလုံအောင်ဝယ်နိုင်ဘို့ အတော်ချိုးခြံကြရလိမ့်မည်၊ ၎င်းတို့ စားသောက်ရန်အတွက်မှတပါး အခြား ငွေဝင်လမ်းမရှိက မ ဖြစ်နိုင်၊ အခြားဝင်ငွေလမ်း မရှိသောခုဆိုးမ သို့ မဟုတ်သက် ကြီး ရွယ်အိုများမှာကိုယ်တိုင် လယ်ထွန်ယက်လုပ်ကိုင်ခြင်းမ ပြုနိုင်သဖြင့် ထမင်းငတ်ရန်အတော်ပင် သေချာလှ၏။

ဤဥပဒေသည်၊ အသူးသဖြင့် လယ်ပိုင်ရှင် ကလေးများအား ထိခိုက်၏၊ ၎င်းတို့သည်မိမိတို့၏ ချွေးနှဲစာဖြင့်ချိုးခြံပြီးလယ်ဝယ် အရင်းတည်ခဲ့ရ၏၊ ရှေးအခါက လယ် ၁၀ ဧကတွက်သီးစားခ စပါးတင်းပေါင်း ၁၅၀-မှ ၂၀၀ အထိရကြ၏၊ ထိုလယ် ၁၀ ဧက ကိုလည်း ငွေ ၃၀၀ိ မှ ၅၀၀ိ အထိရင်းနှီးပြီးပေးဝယ်ရ၏၊ သီးစားသမား [illegible]ချိုးသားလျှင် ၎င်းလယ်ပိုင်ရှင်ကလေးများသည် လယ်ခွန်တော်ရအောင်ပင်အနိုင်နိုင်ကြိုးစား[illegible]ကြရ၏၊ ယခုအခါ တွင် ၎င်းတို့အတွက်သီးစ[illegible]ငဝိမျှ[illegible]ရတော့သည်။

အဆိုပါအတိုင်းလယ်ပိုင်ရှင်[illegible]လေးများသည်မိမိတို့၏လယ် ကိုမိမိတို့ကိုယ်တိုင် လုပ်ကိုင်ကြရမှ သာလျှင် ထမင်းစားကြရ မည် ဖြစ်သည့်အတိုင်း ၎င်းတို့သည် [illegible] လယ်ကိုပြန်[illegible]သည့် လုပ်ကိုင်ရန်အကြောင်းအားလာကြ[illegible]၊ [illegible]တွင် ၎င်းတို့ သည် မိမိတို့၏လယ်ကိုမိမိတို့ကိုယ်တိုင် လွတ်လပ်စွာပြန်လည်

လုပ်ကိုင်နိုင်ရေးအတွက်ထားခဲ့ချက်ရှိသော လယ်မြေချထား ရေးဥပဒေနှင့်ပက်သက်ပြီးရင်ဆိုင်ကြရပြန်သည်၊

လယ်မြေချထားရေးဥပဒေက သီးစားလုပ်ခဲ့ဘူးသောလက် ရှိသီးစားသမားများကို ပိုမိုအခွင့်အရေးပေးရမည်ဟု ပါရှိ၏၊ ကျေးရွာဘုတ်အဖွဲ့များကလည်း မိမိတို့ထင်ရာမြင်ရာ ဆုံးဖြတ် ချထားသည်ကများလျက် လက်ရှိတို့ကိုသာ ပြန်လည် ချထား ခြင်းအမှုကိုပြုကြလေသည်၊ လယ်ပိုင်ရှင်ကလေးများသည် သီး စား ချစားချင်လည်း ဘမင်းမဝ၊ လယ်ပြန်လုပ်နိုင်ရန်အခွင့်အ ရေးရရန်လည်းမလွယ်ကူ၊ ရှိသမျှ ရဆောင်းမိသမျှတို့ကို လယ်ပုံ ဝယ်လိုက်သဖြင့်ထပ်မံရင်းနှီးရန်သည်းငွေမရှိသဖြင့်မည်သည့် ဘက်ကကြည့်ကြည့် လယ်ပိုင်ရှင်ကလေးများသက်သာစရာ အ ကွက်မရှိဘဲ တွေမှောက်နစ်မွန်းသွားရန်ပင်ရှိတော့သည်၊

သို့ရာတွင် လယ်ပိုင်ရှင်များအတွက် အခွင့်အရေးပေးသည့် အနေနှင့်ချွင်းချက်များထားရှိသေးသည်၊ ထိုချွင်းချက်ကားလယ် ပိုင်ရှင်တဦးသည် လယ်လုပ်ခြင်းကို အဓိက အသက်မွေး ဝမ်း ကြောင်းအဖြစ် လုပ်ကိုင် ဆောင်ရွက်မည် ဖြစ်လျှင် မိမိကိုယ် တိုင် လယ်မလုပ်သော်လည်း လယ်ဧက ၂၀ အထိ လုပ်ကိုင် နိုင်ခွင့်ရှိသည်ဟူ၍ရင်း၊

လယ်ကိုအမြဲတန်းလုပ်ကိုင်နေသော လယ်ပိုင်ရှင်နှင့် မိသား တစုတို့သည် လယ်ဧက ၅၀ မှ ၁၀၀ အထိ လုပ်ကိုင်နိုင်ခွင့် ရှိ သည်ဟူ၍ရင်း ပါရှိ၏၊ ဤဥပဒေအတိုင်း ... ... ...လ ဘဲ လယ်ပိုင်ရှင်ကလေးများအား အသက်ရှူပေါက် အနည်း ငယ်ထားပေးသေးသည်ဟုဆိုကြရချေသည်၊

သို့သော်သည်း လက်ရှိအခြေအနေအရ တွေ့မြင်ကြရ သည်မှာ သုံကြီးအပိုင်တိုင်းနှင့်ဘုတ်အဖွဲ့များရှိပြီး ၎င်း ဘုတ်အဖွဲ့များကိုအစိုးရကအာဏာလွှဲအပ်ထားသည်ဖြစ်သဖြင့် သက်ဆိုင်ရာအရေးပိုင်များ ကိုယ်တိုင် အဆိုပါဘုတ်အဖွဲ့များ၏ ဆုံးဖြတ်ပြီးသောကိစ္စများကိုထပ်မံပြင်ဆင်ရန်မလွယ်ကူလှချေ။(ငါ)မပြင်နိုင်ချေ။သော်ပြပါဘုတ်အဖွဲ့များသည်လည်း အထက်ပါဥပဒေများကိုကောင်းမွန်စွာနား မလည်ကြသောကြောင့်၎င်း၊ မိမိတို့၏ပါတီအကျိုးကိုသာ ရှေးရှုကြသောကြောင့်၎င်း၊ မိမိတို့လိုလားသည့်အတိုင်း တဘက်စီးနင်းဆုံးဖြတ်သည်ကများလေသည်၊

ဤအရှုံအရှုံသော အရေးတို့ကြောင့် တိုင်းပြည် အတွင်းမသင့်မဘင့်မှု၊ မကျေနပ်မှု၊ ခိုးဝှက်တိုက်ဖျက်မှု၊ ဆူပူသောင်းကြမ်းမှုများ တခုတခြားပေါ်များ လာသည်ဟုဆိုက မှားလိမ့်မည်မဟုတ်ချေ၊ ဤကိစ္စနှင့်ပါတ်သက်၍ အေးဆေးသွားပြီဟု မဆိုနိုင်သေး၊မကျေနပ်မှုများ လွန်စွာများပြားလျက်ရှိသေးသဖြင့်ကောက်ရိတ်ချိန်သို့ရောက်သောအခါ အခက်အခဲအမျိုးမျိုး ပေါ်ပေါက်လာနိုင်ဘွယ်ရာ အကြောင်းရှိသေးသည်၊ အထူးသဖြင့်လယ်ပိုင်ရှင်ကလေးများ၏ တောင်းဆိုချက်ကို ဆိုင်ရာဘုတ်အဖွဲ့များကလျစ်လျူရှုကာ ဥပဒေနှင့် ဆန့်ကျင်ပြီး ပယ်ချလိုက်သည်ကများသဖြင့် ထို[?]ကျူးလွန်မှုများမှ အရှုတ်အထွေးမြောက်မြားစွာပေါ်ပေါက်လာရန်အကြောင်းရှိ၏၊

အခြား ဝင်ငွေလမ်းစသည်းမရှိ၊မိမိတို့၏လယ်ကိုလည်းပြန်လည်လုပ်ကိုင်ခွင့်မရှိသောလယ်ပိုင်ရှင်ကလေးများသည် ဘောင်ဖြခဲ့သည့်အတိုင်းငတ်ဘိုမှာသေချာနေသဖြင့် အငတ်မခံနိုင်သျှင်

ထောင်းစားရမည်၊ထောင်းမစားရဲလျှင်လည်း ခိုးဝှက် လုယက် တိုက်ဖျက်စားသောက်ရမည့် လမ်းသာလျှင် ရှိတော့သည်၊

မှ ဤအရှုတ်အထွေးများကိုအစိုးရများသည်အကင်းပါးစွာနှင့် မြင်ထားဘို့သင့်၏၊ တိုင်းပြည်အတွင်း ငြိမ်ဝပ်ပိပြားမှုကို လိုလားသောခေါင်းဆောင်နှင့်အစိုးရများသည် လုယ်သမားအရေးကို သေးငယ်သော အရေးဟု လျစ်လျူရှု၍ နေနိုင်လိမ့်မည် မဟုတ်၊ဖြစ်ပေါ်လာနိုင်ဘွယ်ရာရှိသော အခက်အခဲဟူသရွေ့တို့ကို တားဆီးကာကွယ်ရန်အမြဲနိစိမံပေးမည်ပင်ဖြစ်၏၊ လက်ရှိအခြေအနေအရအစိုးရသည်ထိုအခက်အခဲများကိုမမြင်၍လား မသိ၊တိုင်းသူပြည်သားအချင်းချင်းဖြစ်သော လယ်ပိုင်ရှင်နှင့်သီးစားသမားများအား တိုက်ပေးသည့် အလား တဦးကို တဦး စောင်နေကြသည့်အဖြစ်မျိုးသို့ ရောက်ရချေပြီ၊ အစိုးရသည် ဤအခက်အခဲများကို မဖြေရှင်းနိုင်လျှင် ဗမာနိုင်ငံတော်ကြီးသည် အေးချမ်းသာယာမှုကို ဒင်ပြည့် ကျပ်ပြည့် ခံစားရလိမ့်မည် မဟုတ်ဘဲ ရပြီးသောလွတ်လပ်ရေး တည်မြဲမှုကို များစွာထိခိုက်စရာအကြောင်းရှိသည်ကို နိုင်ငံရေးအမြင်ကျယ်သူတိုင်း လွယ်ကူစွာသဘောပေါက်နိုင်ပေမည်၊

## (၆) ကရင်ပြည်ပြဿနာ။

လွန်ခဲ့သည့် နှစ်ပေါင်း များစွာက ရှိနှင့်ပြီးသော ကရင်ပြည်ပြဿနာသည် စစ်အတွက်ကြောင့် ပျောက်ကွယ်လု တော့ ရှိရာ၊ ၁၉၄၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင်ထင်မံပေါ်ပေါက်လာပြန်ကာ ယခုအခါ ဆင့်ကဲဆင့်ကဲ ပိုမိုပေါ်လွင် ထင်ရှား

ပြင်းထန်ရှေသေသည်၊ လွတ်လပ်ရေးမရမှီအခါက၊ ကရင်အမျိုးသားခေါင်းဆောင်များသည် ကရင်ပြည်ထူထောင်ရန်အတွက် အရေးဆိုတိုင်း ဗမာခေါင်းဆောင်များက နယ်ချဲ့သမားအင်္ဂလိပ်တို့၏ခြေတိုးမှုပယောဂများကြောင့် တောင်းဆိုသည်ဟု စွပ်စွဲကြလေသည်၊ အချို့သောအလိုတော်ရိကရင်များကပင် ကရင်ပြည်ကိုတောင်းဆိုသော ကေ-အင်-ယူခေါင်းဆောင်များသည် အင်္ဂလိပ်များ၏ လက်ပါးစေဟု အမျိုးမျိုး စွပ်စွဲ ပြောဆိုကြလေသည်။

မြန်မာနိုင်ငံတော်လွတ်လပ်ပြီးသည့် နောက်၌မူကား ကရင်အမျိုးသားများသည် မိမိတို့၏ဆန္ဒ ပြင်းပြကြသည့် အလျောက် အောက်မြန်မာပြည်တခွင်ဝယ် မြို့ကြီး ၄၂ မြို့တို့မှ လူထုဆန္ဒပြလိုက်ရာတွင်၊ အဆိုပါဆန္ဒပြပွဲသို့ တက်ရောက်သော ကရင်အမျိုးသား ပေါင်း (၄၅၄၁၀၀) လေးသိန်းခွဲ ကျော် ရှိသဖြင့် ဘောင်ပြပါ ဗမာအမျိုးသားများနှင့် တကွ အလိုတော်ရိ ကရင်အမျိုးသားအချို့တို့၏ စွပ်စွဲချက်မှန်ကြောင်းကို သက်သေပြဖြေရှင်းရာသို့ရောက်လေသည်၊ ကျွန်ုပ်တို့ထံသို့ သတင်းပေးပို့ခြင်း မပြုဘဲ ဆန္ဒပြကြသော ကရင်အမျိုးသားပေါင်း အမြောက်အမြားပင် ရှိချေသေး၏၊ ယခုအခါတွင်မူကား ဗြိတိသျှ များ၏ မြှောက်ပင့် မှုကြောင့် ကရင် အမျိုးသားများ ကရင်ပြည်ကို တောင်းဆိုသည် ဟူသော စွပ်စွဲချက်များသည် လုံးဝမှားယွင်းကြောင်းကို ကမ္ဘာကပင် မှတ်တမ်းတင်ခဲ့ကြရချေပြီ။

လက်ရှိအခြေအနေအရ ကရင်လူထုကြီးသည် ကရင်ပြည်ကို မရမခြင်း ကျေနပ်မှုမရနိုင်ဟု အတိအလင်း ကြွေးကြော်

လျက်ရှိကြပြီ။ ထိုမှတပါး မိမိတို့လိုလားသော ကရင်ပြည်ရရှိရေးအတွက် မရမခြင်း နှလုံးရည်ဖြင့်တိုက်မည်ဟုအတိအလင်း ကျေညာခဲ့ကြပြီ၊ ဗမာများကလည်းကရင်များ၏တောင်းဆိုချက်ကို လုံးဝလိုက်လျောခြင်း မပြုလိုကြသောကြောင့် ကရင်အမျိုးသားများ၏ အကူအညီကို ရသင့်သလောက် မရနိုင်တော့ချေ၊ ယခုတိုင်ကရင်အရေးသည်မထင်မကျဖြစ်၍နေသဖြင့်ကျေနပ်မှုများကိုမရကြသေး၊ ဤကဲ့သို့သောအရေးများကို သက်ဆိုင်ရာအာဏာပိုင်များသည် ဖြေရှင်းပေးနိုင်စွမ်းမရှိပါမူ ကရင်အရေးသည်မည်သည့်အခါမှ အေးလိမ့်မည်မဟုတ်ချေ၊

## (၇) သတင်းစာတိုက်များအရေး။

မြန်မာနိုင်ငံတော်၌ သတင်းစာများ၏ အခွင့်အတန်းသည် တပါးသော လွတ်လပ်သည့်တိုင်းပြည်များ၌ သတင်းစာများ၏ အခွင့်အတန်းများထက် လွန်စွာမှနိမ့်ကျလျက် ရှိသည်ဟု လူအများကယူဆလျက်ရှိကြ၏၊ အကြောင်းမူကား၊ မြန်မာသတင်းစာများသည်အချုပ်အားဖြင့်သတင်းများကိုတဘက်သတ်ထည့်သွင်းပေးခြင်း၊ ပြည်သူလူထုအတွက် အကျိုးမဖြစ်ထွန်းစေနိုင်သည့်သတင်းများကိုလည်းထည့်သွင်းပေးခြင်း၊ အစိုးရကိုဆန့်ကျင်သည့်သဘောမျိုးကို အမြဲတန်းရေးသား ထည့်သွင်းခြင်းကြောင့်ပင်ဖြစ်ဟန်ရာ၏၊

၎င်းအထက်ကျော်ကာဒီကအင်္ဂလိပ်အစိုးရကိုဗမာသတင်းစာများက အမြဲတန်းပြစ်တင်ရှုံ့ချကဲ့ရဲ့ကြ၏၊ အစိုးရကား တိုင်းသူပြည်သားများအတွက် တတ်နိုင်သမျှ အကူအညီပေးလျက်ရှိပါ

သော်လည်း သတင်းစာများက အစိုးရ လုပ်ငန်း များကို မချီး ကျူးဘဲ အစိုးရ၏သတင်းများသောချွတ်ယွင်းချက်များကိုဝိုကာ ချဲ့ကာ အမျိုးမျိုးဖြစ်ထင်ရှု ချလျက်ပင်ရှိသေး၏။ ထိုကဲ့သို့သော အကျင့်ဆိုးများသည် ယခုတိုင်မှုသေးကြောင်းနှင့် အစိုးရဖက်ပင် အတိအလင်းပြောဆိုပြီးဖြစ်ပေသည်။

မကြာမီက ဝန်ကြီးသခင်တင်ကိစ္စနှင့်ပါတ်သက်၍ သတင်း စာ ၄ စောင်လောက်က ကြားကောင်းမနာသာလောက်အောင် အမျိုးမျိုး ဝိုကာချဲ၍ ရေးသား ထားသည် ဖြစ်သဖြင့် ဝန်ကြီး သခင်တင်၏ ဆိုရှယ်လစ်ပါတီဝင်ခေါင်းဆောင်များက အစည်း အဝေးထရပ် ကျင်းပပြီးလျှင် ကျေးရွာများမှ ရောက်လာသော ရှေ့သ်သမားလူထုအချို့တို့နှင့် ဟစ်တိုင်-စီးပွါးရေး နှင့် ဒိုးဝေ သသင်းစာတိုက် သုံးတိုက်တို့သို့ သွားရောက်ခါ စက်နှင့်အခြား မရှည်းအချို့တို့ပါ ဖျက်ဆီးသွားကြလေသည်။ ထိုစဉ်အခါက ရဲလိပ်များသည်လည်း တိုင်ချက်အရ အချိန်မှီ မရောက်ရှိဘဲ ကိစ္စပြီးစီးသွားမှသာလျှင် ရောက်လာကြလေသည်။

ထိုအခြင်းအရာကိုသတင်းစာအားလုံးလိုလိုကပင် ပြင်းပြင်း ထန်ထန် ပြစ်တင်ရှုချကြလေသည်။ ထိုအခါက အစိုးရသည် ကြီးရာခရစ်ခါသအမှုကိစ္စချောင်းချောင်းထွက်ခါ သတင်းစာအား လုံးတို့နှင့်အဆက်ပြတ်ခဲ့သေး၏။ ၍နေရာ၌ သတင်းစာနှင့်ခေါင်း ဆောင်အချို့တို့သည် အစိုးရခြေဖဝါးချော်ပြန်ပြီဟု ဆက်လက် ဝေဘန်ကြပြန်၏။

သတင်းစာနှင့် အစိုးရ အဆက်ပြတ် လိုက်သော ဂယက် ကြောင့် သတင်းစာအတွက်စက္ကူရရန်အခက်အခဲနှင့်ကြုံကြိုက်



ကွယ်လွန်သူ—စောဘမောင်
*Bar-at-Law.*
ဝေါကရုအစည်းအရုံး နောက်ဆုံးဥက္ကဋ္ဌ။

5



ကွယ်လွန်သူ ဒေါက်တာ-တီ သံပြား။

*M.A.,D.D.*

ချပြန်၏၊ ဤသို့နှစ်ဦးနှစ်ဘက် အခက်ကြုံကြရသည့်တွင် သတင်းစာများအတွက် စီးပွားရေးနစ်နာကြသည့်ထက် အစိုးရသည် လူထု၏ရှေ့တွင် ပိုမိုအထင်သေးခံခဲ့ကြရလေသည်။ နောက်ဆုံး၌ အစိုးရနှင့်သတင်းစာကိုယ်စားလှယ်များ ထပ်မံစေ့စပ်ကြပြန်ရာ အောင်မြင်သွားသဖြင့် သတင်းစာနှင့်အစိုးရအရေးအေးငြိမ်းသွားတော့သည်၊ အစိုးရသည်သတင်းစာနှင့်အဆက်ဖြတ်လိုက်သောကိစ္စ၌ တိုင်းသူပြည်သားများနှင့်တကွ ကမ္ဘာတဝှမ်းလုံးကပင် အံ့အားသင့်စွာဖြင့် နားစွင့်လျက် ရှိတော့၏။ ဤကဲ့သို့ သတင်းစာနှင့် အစိုးရ အဆက်ဖြတ်တောက်သော ကိစ္စသည် မြန်မာပြည်၏ရာဇဝင်တွင် ပဋ္ဌာအကြီးမပင်ဖြစ်ပေသည်။

## (ဂ) ကုမ္ပဏီကြီးများကိုသိမ်းခြင်း။

ယခုအခါ ဗမာနိုင်ငံအစိုးရသည် ဗြိတိသျှပိုင်ဧရာဝတီကုမ္ပဏီနှင့် အခြားကုမ္ပဏီကြီး အချို့တို့ကို သိမ်းခဲ့၏။ သို့ရာတွင် လျော်ကြေး မည်ရွေ့မည်မျှ ပေးမည်ကိုကား ယခုစာရေးသည့်အချိန်အထိ ဆွေးနွေးဆဲဖြစ်ကြသည်ဟု မသိရသေး၊ ဗြိတိသျှပါလီမံကလည်း ဗမာအစိုးရ၏ ပြုမူချက်ကို အမျိုးမျိုးဝေဖန်ခဲ့သည့်အပြင် ဗမာများက မိမိတို့၏ စာချုပ်အတိုင်း လိုက်နာဆောင်ရွက်သွားပါမှ မိမိတို့ကသည်းမိတ်ဆွေရင်း သဘောထားကာဆက်ဆံသွားမည်ဖြစ်ကြောင်း၊ အကယ်၍ ဗမာများကစာချုပ်ကိုဖေါက်ဖျက်ပါကမိမိတို့၏ရှိရင်းဖြစ်သောမိတ်ရင်းဆွေရင်းသဘောထားကို ပြောင်းလဲရမည်ဖြစ်ကြောင်းနှင့်အထိအလင်းကြေညာလေသည်။ ဗြိတိသျှတို့၏ အထက်ပါစကားများ

သည့် အသုံးအနှုန်း ယဉ်ကျေး သိမ်မွေ့ သလောက် အဓိပ္ပါယ် ရည်ညွှန်းလေးနက်လှ၏။ တနည်းအားဖြင့် ဗမာပြည်အားသတိပေး ခြင်း–ချိမ်းချောက်ခြင်းပင်ဖြစ်တန်ရာ၏။

ဗမာငွေ၏တန်ဘိုးကိုဗြိတိသျှပေါင်နှင့်ပူးပေါင်းထားရ သည့်အတွက်ဗြိတိသျှကဗမာ့ငွေ၏တန်ဘိုးကိုအခါအားလျော် စွာလျှော့ချနိုင်ကြောင်းကို ကျွန်ုပ်တို့သဘောပေါက်နိုင်ပေမည်။ ထက်ရှိအခြေအနေအရ ဗမာပြည်၏အင်အားသည် အလွန်တရာ မှနည်းပါးလျက်ရှိရာ အခြားသော တိုင်းကြီးပြည်ကြီး များ၏ မေတ္တာကိုရယူနိုင်ရန် အထူးလိုအပ်လှ၏ သို့ဖြစ်ပါ၍အဆိုပါ တိုင်းပြည်ကြီးများ၏ ကုမ္ပဏီကြီးများကို သိမ်းလိုက်သည့် အတွက် ၎င်းတို့၏မေတ္တာကို ရယူနိုင်–မရယူနိုင်မှာ သက်ဆိုင် ရာ အာဏာပိုင်များ၏ စီမံကိန်းများ အပေါ်မှာသာ တည်နေ ပေမည်

## (၉) ဖ–ဆ–ပ–လ အတွင်းရေး။

ဖ ဆ ပ လ အတွင်း၌ ဆိုရှယ်လစ် ရဲဘော်နှင့်တ[illegible]းပုဂ္ဂိုလ် များပါ၍ရှိလျက်သခင်နုဦးတင်ထွတ်နှင့်အချို့သောပုဂ္ဂိုလ်များ ဖြစ်ကြ၏ သို့ရာတွင် သခင်နုသည် ဆိုရှယ်လစ်ဝါဒကို နှစ်သက် သော ခေါင်းဆောင်တဦးဖြစ်ကြောင်းထင်ရှား၏။ ဆိုရှယ်လစ် ပါတီသည် ဖ ဆ ပ လ အတွင်း၌ အင်အား အတောင့်တင်း ဆုံးအဖွဲ့ဖြစ်သောကြောင့် ဖ ဆ ပ လ အထဲ၌ပင် လက်ဝါးကြီး အုပ်လျ[illegible]ရဲဘော်များ၏ဖခင်ဖြစ်သောဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသ[illegible]းသည့်နောက် ရဲဘော်များက ဗိုလ်မှူးအောင်ကို

ခေါင်းဆောင်တင်မြောက်ကြ၏။ လွန်ခဲ့သော ၃ လ ကျော်ခန့်က ရဲဘော်များသည် အချင်းချင်း စိတ်ဝမ်း ကွဲပြားကြ၍ ဗိုလ်မှူး အောင်သည် အစိုးရအဖွဲ့မှဖြစ်စေ၊ ရဲဘော်အဖွဲ့မှဖြစ်စေ နှင့်ပယ် လျက် ထွက်သွားလေသည်။ ထိုအခါ ဗိုလ်စိန်မှန်လည်း ရုတ် တရက် ထွက်စာတင်ခဲ့လေသည်။ ဝန်ကြီးချုပ် သခင်နုက ပြန် ခေါ်ယူသဖြင့် ဗိုလ်စိန်မှန် ပြန်လာသည်ဟု ဆိုရှိကြရ လေ သည်။

ကွန်မြူနစ်နှင့် ဝါဒချင်းပြိုင်လျက်ရှိသော ဝန်ကြီးချုပ်သခင်နု သည်အိပ်ပိုက်၍မနေဘဲ၊ မိမိ၏ ၁၅ ချက်သောမူကို ဘီအေအေ ကွင်း၌ တိုင်းပြည်ကို ကျေညာခဲ့၏။ သို့ရာတွင် ၎င်း၏ ၁၅ ချက် သောမူသည် ကွန်မြူနစ်၏ဝါဒနှင့်နီးစပ်၍နေသဖြင့် ဘီလပ်က ပင်စိုးရိမ်မကင်းသည့် အနေနှင့် ကြိုတင် ဝေဘန်လိုက်ကြ လေ သည်၊ ၎င်းတို့၏ဝေဘန်ချက်အရ သခင်နုအစိုးရသည်ကွန်မြူနစ် ဘက်သို့ပါသွားပြီဟူ၍ပင်စွပ်စွဲထားလျက် ၎င်းတို့သည်ကွန်မြူ နစ်ဝါဒကို ဆန့်ကျင်သော နိုင်ငံများအထဲ၌ ပါဝင်သည့်အတိုင်း မြန်မာပြည်သည် ကွန်မြူနစ်တိုင်းပြည် ဖြစ်လာလျှင် မိမိတို့က လည်း ဆန့်ကျင်ဘက်ပြုကြရလိမ့်မည့် အမ်ပွါယ်ပါရှိသော အ သုံးအနှုန်းမျိုးကိုသုံးနှုန်းထား၏။

အဆိုပါသခင်နု၏မူကိုရဲဘော်လူထုကမကျေနပ်ကြသဖြင့် ရဲဘော်မူတခုကို ထပ်မံရေးဆွဲပြီး အတည်ပြုလျက် တိုင်းပြည် သို့ကြေညာချက် ထုတ်ကြပြန်သည်၊ ရဲဘော်တို့၏မူကား ပြည် တွင်းစစ် သို့မဟုတ် သောင်းကျန်းမှုများကို ငြိမ်းစွာရပ်ဆိုင်း ပြေ ငြိမ်းစေ၍ညီညွတ်ရေးကိုနှောက်တခုခု လုံးပန်းရန် တိုက်တွန်း

ထားး၏။ သခင်နု၏မူကား လက်ဝဲညီညွတ်ရေးကိုပဓာနမဆုံးအရယူပြီးငြိမ်းချမ်းရေးကိုနောက်မှလုပ်ရန်ပင်ဖြစ်၏။ သခင်နု၏မူကို ဖဆပလ ဦးစီးအဖွဲ့က သဘောတူအတည်ပြုလျက်၊ ရဲဘော်များကသည်း မိမိတို့၏မူကို အစည်းအဝေးများတိုင်ခေါ်ကာ ရှင်းလင်းပွဲများပြုလုပ်ကြ၏။

ဤသို့ မူနှစ်မူ အပြိုင်အဆိုင် ဖြစ်ပေါ်လာခြင်းဖြင့် ရဲဘော်တို့သည် နှစ်ကွဲကွဲလျက် ဗိုလ်မိုးကွန်း အမျုးပြုသော ရဲဘော်အဖွဲ့ (မူချင်းအဖွဲ့)နှင့် ဗိုလ်မှူးအောင် ဗိုလ်စိန်မှန်တို့ကြီးမျုးသော ရဲဘော်အဖွဲ့ (ကွဲထွက်သောအဖွဲ့)ဟူ၍ ဖြစ်လာလေသည်။ ၎င်းအတောအတွင်းတွင် ရဲဘော်မူကို အသံချဲ့စက်နှင့် လိုက်လံဟောပြောသောရဲဘော်များကို အစိုးရကဘမ်းဆီးပြန်သောကြောင့် မကျေနပ်မှုများ ဖြစ်ပေါ်လာပြန် လေသည်၊ ဤအခိုက်အတန့်၌ တိုင်းပြည်၏အခွန်တော်ငွေ ၄–သန်းခန့် ဆုံးရှုံးနစ်နာစေမှုတခု ဖြစ်ပေါ်လာပြန်သဖြင့် ဝန်ကြီး ဦးကိုကိုကြီး သည် မိမိကိုင်ထားသောဌာနမှဖြစ်၍နေသဖြင့် အလိုက်သိစွာနှင့် ရာထူးမှနုတ်ထွက်စာတင်ခဲ့လေသည်၊ ဤလာဘ်စားမှုကြီးသည် အလွန်တရာကြီးကျယ်လှသဖြင့် ဆိုရှယ်လစ်ပါတီဝင် ခေါင်းဆောင်ကြီးများသည် ခေါင်းချင်းရိုက်ကြကာ ဆွေးနွေးကြရာမှ စိတ်ဝမ်းကွဲပြားမှုဆက်လက်ပေါ်ပေါက်ရပြန်၏။ ဆိုရှယ်လစ်ခေါင်းဆောင်များအစည်းအဝေးကလည်း ဝန်ကြီး-ဦးကိုကိုကြီးကို ဥက္ကဋ္ဌရာထူးမှဖြုတ်ချလိုက်လေသည်၊ ထိုအခါတွင် ဆိုရှယ်လစ်အဖွဲ့ကြီးနှစ်ခြမ်းကွဲသွားပြီဟူသော သတင်းသည် နိုင်ငံရေးရပ်ကွက်များတွင် ဂယက်ရိုက်သွားလေသည်။

ခေါ်ပြခဲ့သည့်အတိုင်း ရဲဘော်များသည်လည်း နှစ်ခြမ်းကွဲ ဆိုရှယ်လစ် တို့လည်း နှစ်ခြမ်းကွဲသဖြင့် အစိုးရ အဖွဲ့ကြီးသည် အင်အားကြီးမား သင့်သလောက်မကြီးမားတော့ဘဲ အင်အား နည်းပါးလာလေသည်။ ဤကဲ့သို့ အကွဲကွဲ အပြားပြား ဖြစ်၍ နေခြင်းကို သက်ဆိုင်ရာ အစိုးရများသည် တစုတပေါင်းတည်း ဖြစ်အောင်မပြုလုပ်နိုင်လျှင်လက်ရှိအစိုးရအဖွဲ့သည် တာရှည်စွာ တည်မြဲနိုင်လိမ့်မည်မဟုတ်ချေ။

## (၁၀) ကွန်မြူနစ်သူပုန်ထခြင်း။

သိန်း သန်း ကွန်မြူနစ်ပါတီနှင့် ဗ-ဆ-ပ-လ-တို့ ကွဲပြားသွားပြီးနောက် ရွေးကောက်ပွဲ အချိန်သို့ ကျရောက်သောအခါ ကွန်မြူနစ်များသည်လည်း ဝင်ရောက် အရွေးခံကြ လေသည်။ သို့ရာတွင် ကွန်မြူနစ် များသည် အရှုံးသာများခဲ့ လေသည်။ အဆိုပါ ကွန်မြူနစ်နှင့် ဗ-ဆ-ပ-လ တို့ အပြိုင် အဆိုင်ပြုလုပ် ကြရာ၌ အတိုက်အခံကိစ္စအမျိုးမျိုးဖြစ်ပေါ်လာ၏။ ကွန်မြူနစ် များက နု-အက်တလီ စာချုပ်ကို များစွာ ပြစ်တင် ရှုံ့ချ ကြလျက် ဗ,ဆ,ပ,လ, ကလည်း ကွန်မြူနစ်များ၏ စွပ်စွဲချက် များယွင်းကြောင်းကို အကိုးအကား အမျိုးမျိုးပြကာ တရားပွဲ များတွင် ရှင်းတမ်းထုတ်ကြ၏။ ဤသို့ အတိုက်အခံပြုခြင်းသည် တဖြည်းဖြည်း ပြင်းထန် လာပြီးလျှင် ကွန်မြူနစ် များသည် ပျဉ်းမနားမြို့၌ ညီလာခံ သဘင်ကြီး ခေါ်ယူကြပြန် လေသည်။ ထိုညီလာခံသဘင်ကြီးသို့ လူထုအမြောက်အမြားတက်ရောက် လျက် စည်းဝေး တိုင်ပင်ကြပြီးနောက် ၎င်းတို့သည် မိမိတို့၏

အင်အားကို ပိုမိုယုံကြည်လာကြကာ၊ အစိုးရကို အနုနည်းနှင့် ဖြစ်စေ အကြမ်းနည်းဖြင့် ဖြစ်စေ တိုက်ခိုက် နိုင်သည်ဟု ယုံကြည်ကြသည့် လက္ခဏာများ ပေါ်ပေါက် လာလေသည်။

ညီညွတ်ရေးကို လိုလားသော ခေါင်းဆောင်အချို့တို့ကလည်း၊ ဖ,ဆ,ပ,လ,နှင့် ကွန်မြူနစ်များ၏ ညီညွတ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကြ၍ ထိုကြိုးပမ်းချက်ကို ကွန်မြူနစ်များက အချိန်ဆွဲထားကြသဖြင့် ထိုအချိန်ဆွဲထားခြင်းကို ဖ,ဆ,ပ,လ တို့က မယုံကြည်ကြတော့ဘဲ ကွန်မြူနစ်ခေါင်းဆောင်များကို ရုတ်တရက် ဖယ်ရှားလိုက်လေသည်၊ သို့ရာတွင် အရေးပါအရာရောက်သော ခေါင်းဆောင်ကြီးများကိုကား မထိလိုက်ချေ။

ထိုနေ့မှစ၍ ကွန်မြူနစ်များသည် တိုင်းပြည်အတွင်း၌ စထင် တိုက်ခိုက် သူပုန် သောင်းကျန်း ကြလေသည်၊ မကြာမီအတွင်း ၎င်းတို့သည် ပြည်တွင်းစစ်ကိုပင် ကြေညာနိုင်ကြ၏ ကွန်မြူနစ်များသည် ပြည်တွင်းစစ်ကြေညာစအခါတွင် လက်နက်အင်အားတောင့်တင်းလှသည်မဟုတ်ဘဲ၊ ကျေးလက်တောရွာများရှိလက်နက်များကို လိုက်သိမ်းတိုက်ခိုက် လုယူခြင်းနှင့်ပင် အစိုးရကိုတော်လှန်ကြလေသည်။ ဖ,ဆ,ပ,လ, အစိုးရကလည်း ချင်း,ကချင်,ကရင်,နှင့် ဗမာစစ်တပ်များ ယူ အမ် ပီ ခေါ်စစ်ရဲတပ်များ၊ ရဲအဖွဲ့များနှင့်တကွ ရဲဘော်များ၏အကူအညီကို ရသည့်ပြင် ငွေအင်အား ပစ္စည်းအင်အား လက်နက်အင်အား တို့မှာ ကွန်မြူနစ်တို့နှင့် မနှိုင်းယှဉ်နိုင်သော်လည်း လွန်ခဲ့သည့် ၅ လကျော် ၆ လခန့်က ထကြွသောင်းကျန်းလာခဲ့သောကွန်မြူနစ်များကို နလံမထူနိုင်အောင် မပြုလုပ်နိုင်ကြသေးချေ။

တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဟူသော စကားအရ ကွန်မြူနစ်များ ဆူပူသောင်းကျန်းသည့်အခါတွင် တောကြောင်များကလည်း အရပ်ရပ်တိုင်း၌ လိုက်ပင် ဆူပူ သောင်းကျန်းလျက် ခိုးဖက် တိုက်ဖျက်ကြလေသည်၊ အစိုးရကလည်း အတိုက်အခံခေါင်းဆောင်ဟူသရွေ့တို့ကို ရန်မ ၅ နှင့် ဘမ်းဆီးနေဖြန်သောကြောင့် အတိုက်အခံ ဘက်သားအချို့တို့သည် ကွန်မြူနစ်ဝါဒများကို မနှစ်သက် ခဲ့ကြသော်လည်း စိတ်ဓါတ်ပြောင်းသဲကြခါ ကွန်မြူနစ်များကို အကူအညီပေးကြသည်ဟု ကြားသိကြရဖြန်လေသည်၊ ဤကွန်မြူနစ်၏အခက်အခဲသည်ကြီးမားသောအခက်အခဲဖြစ်သည်နှင့်အညီဘော်ပြပါ၎င်းတို့၏ အခက်အခဲကို ဖြေရှင်း နိုင်မှသာလျှင် လက်ရှိအစိုးရ တည်တံ့ခိုင်မြဲနိုင်ပေလိမ့်မည်။

## (၁၁) လာလတံ့သောလယ်သိမ်းပွဲနှင့် လယ်မြေဝေငှရေး။

ဝန်ကြီးချုပ်သခင်နုကဤနှစ်အတွင်း၌ လယ်မြေအားလုံးကို သိမ်းမည်ဟု အတိအသင်းကြေညာခဲ့ပြီ၊ ။လယ်မြေများကို သိမ်းပြီးနောက် ကိုယ်တိုင် လယ်လုပ်သော လယ်သမားများအား ဝေငှပေးမည်ဟူ၍သည်း တိုင်းပြည်ကိုဂတိပေးခဲ့လေပြီ၊ ယခု အခြေအနေအရ ရောဝတီနှင့် အချို့ ကုဋ္ဌဏီကြီးများကို သိမ်းလိုက်ခြင်းအားဖြင့် တိုင်းသူပြည်သားများကို ထိခိုက်ခြင်း မရှိသော်လည်း နောင်လျော်ကြေးပေးဆပ်သောအချိန်၌မူကား

အစိုးရနှင့်တကွ တိုင်းသားပြည်သူတို့၏ အပေါ်တွင် ကြီးလေးသော တာဝန်ကြီးတရပ်ဖြစ်ပေလိမ့်မည်။

လယ်မြေများကို သိမ်းပိုက်လိုက်သည်ရှိသော် လယ်ပိုင်ရှင်ကလေးကို နစ်နာစေမည် ဖြစ်သဖြင့် ၎င်းတို့၏ မကျေနပ်မှုတို့ကြောင့် ထိုဥပဒေကို တိုက်ဖျက်ရန်အတွက် ဆန့်ကျင်မှုများ ပေါ်ပေါက်လာနိုင်ဘွယ်ရာရှိလေသည်။

ပါလီမန်တရပ်တွင်လက်ဝဲ,လက်ျာကိုယ်စားလှယ်နှစ်ဘက်စလုံးရှိမှသာလျှင် တင်သွင်းသောအဆိုတရပ်ကို လူထုဆန္ဒအရ အတည်ပြု ဆုံးဖြတ်နိုင်ပေမည်။ အကယ်၍ ပါလီမန်အတွင်းရှိ လွှတ်တော်ဝင် အမတ်များသည် လက်ဝဲသမားချည်း ရှိပါမူ အတိုက်အခံလုံးဝမရှိဘဲအဆိုများကိုအတည်ပြုကြရမည် ဖြစ်သဖြင့် ပြည်သူလူထု၏ ဆန္ဒအရ ဆုံးဖြတ်သည်ဟု မယူဆနိုင်ချေ၊ အတိုက်အခံမရှိသော လွှတ်တော်သည် ဒီမိုကရေစီအရ ဖွဲ့စည်းထားသော လွှတ်တော်ဟု မခေါ်နိုင်ချေ။ အကြောင်းမူကား တိုင်းပြည်တရပ်အတွင်းရှိ တိုင်းရင်းသား အားလုံးတို့သည် တစိတ်တသဘောတည်းရှိနိုင်မည်မဟုတ်သည့်အတိုင်း လွှတ်တော် အတွင်းတွင်လည်း အတိုက်အခံ သမား များရှိရမည်ပင်၊ မြန်မာပြည်၏ လက်ရှိအခြေအနေအရ တိုင်းသူ ပြည်သားများ စိတ်သဘောတူမျှခြင်းမရှိဘဲ ကျေနပ်မှုရှိကြသဖြင့် တော်လှန်သောင်းကျန်းမှုများပင်ပေါ်ပေါက်လျက်ရှိနေသည်ကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ဝေဘန်နိုင်လိမ့်မည်။

တိုင်းပြည်အတွင်း၌၊ မကျေနပ်မှုနည်းပါး၍ တော်လှန်ပုန်ကန်သူ အနည်းအတန်သာ ရှိမည်ဖြစ်ချေသော် အစိုးရသည်

ထိုသောင်းကျန်းမှုများကို လွယ်ကူစွာနှင့် နှိမ်နင်းနိုင်မည့် အပြင် ဖွတ်တောဘ်တွင်း ကိုယ်စားလှယ်များသည် လူထုကိုယ်စားလှယ် အစစ်အမှန်ဖြစ်၍ လူထုအကြိုက် ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်များဖြစ်ပါမူ။ လူထုဆန္ဒကို ရယူနိုင်မည်ဖြစ်၍ သောင်းကျန်းမှုများ ပေါ်ပေါက်ရန်အကြောင်းမရှိချေ။

လယ်မြေများကို တန်ရာတန်ဘိုး ပေး၍ဝယ်ယူဝေငှပါက တိုင်းပြည်၏ မကျေနပ်မှုကို ရှိနိုင်မည် ဖြစ်သော်လည်း မြန်မာပြည်၏ သက်ရှိ အခြေအနေအရ ငွေရေးကြေးရေး အခက်အခဲကြောင့် ဝယ်ယူနိုင်မည်မဟုတ်ချေ ။သို့ရာတွင် ငွေပေးမည့် အစား (ဘွန်း)ခေါ် ငွေစာချုပ်များကို ထုတ်ပေးထားမည်ဟု ဝန်ကြီးချုပ် သခင်နုကိုယ်တိုင် ပြောဘူးသဖြင့် သက်သာခွင့် ရှိသည်ဟု ဆိုရမည်ဖြစ်သော်လည်း ၎င်း(ဘွန်း)ခေါ် စာချုပ်ကို လက်ငင်းသုံးစွဲနိုင်ခွင့်ရှိမည်မဟုတ်သဖြင့် ဆင်းရဲသား လယ်ပိုင်ရှင်ကလေးများအတွက် အခက်အခဲတမျိုးဖြစ်ပေလိမ့်မည်။

လယ်မြေ ဝေငှရာ၌လည်း လွယ်ကူလှသည် မဟုတ်ချေ။ အကြောင်းမူကား လယ်မရှိသူတိုင်းကို လယ်ဆယ်ဧကစီသာ ဝေပေးလျှင် အားလုံးအတွက် ဝေငှနိုင်လိမ့်မည်မဟုတ်သဖြင့် မကျေနပ်မှုများထပ်မံပေါ်ပေါက်လာမည့်အပြင်။လယ်ကိုရပြီး ထွန်ယက်ရန်အတွက် ကျွဲနွား မရှိသူများလည်း ထောင်သောင်းမက ပေါ်ပေါက်လာပေလိမ့်မည်။

ထိုမှတပါး လယ်မြေ အကောင်း အဆိုး စသည်တို့ကိုရွေးချယ်ကြရာမှ အငြင်းပွားဘွယ်ရာ ကိစ္စများနှင့် မိမိနှင့် နီးစပ်ရာဖြစ်သောလယ်များကို စိတ်ကြိုက် ရွေးယူလိုကြခြင်း စသော

ပြဿနာများသည် ဖြေရှင်း၍ မရနိုင်လောက်အောင် များပြားစွာ ပေါ်ပေါက်သာနိုင်ဘွယ်ရာအကြောင်းရှိလေသည်။

ဘော်ပြပါ အခက်အခဲများနှင့် ရင်ဆိုင်ကြရသည့် ရှိသော် ပြည်ပိုင်အစိုးသည် တိုင်းရင်းသား အားလုံးတို့၏ ကျေနပ်မှုကို ရယူနိုင်ရန်ခဲယဉ်းမည်ဖြစ်သဖြင့် အကျိုးရှိမည်ထက်အပြစ်ကပိုရှိ၍နေပေလိမ့်မည်။ လယ်မြေသိမ်းခြင်းကိစ္စနှင့် ပါတ်သက်၍ ဆိုဗီသက်ရုရှားတနိုင်ငံတည်းသာ ရှိသေးသည့်အပြင် ၎င်းသယ်သိမ်းရေးနှင့် ပါတ်သက်၍ တိုင်းသူပြည်သားအသက် ထောင်သောင်းမက သေကြေပျက်စီးခဲ့ရသည်ဟုသည်း ကြားဘူးကြရလေသည်။ သို့ဖြစ်၍ လယ်မြေသိမ်းသော စနစ်သည် တကယ်ကောင်းသည်ဟူ၍ ဧကန် မပြောနိုင်ကြသေးချေ။ ထို့ပြင်တပါး ရုရှားဝါဒသည်တကယ်ကောင်းသည်ဆိုလျှင်။ ယခုအခါ နိုင်ငံတကာက ရုရှားသို့ သွားရောက်ခါ ၎င်းတို့ကို ဆရာတင်ပြီး ၎င်းတို့၏ဝါဒကို အမြန်လက်ခံ လိုက်ကြမည့်အပြင်။ ၎င်းတို့၏ဝါဒ ကောင်းမှုကြောင့် ရုရှားသည် တကမ္ဘာလုံးကို လွှမ်းမိုးနိုင်ဘွယ်ရာအကြောင်းရှိလေသည်။ သို့ပင်ဖြစ်ငြားသော်လည်း မည်သူမျှ ရုရှားပြည်သို့ လွတ်လပ်စွာဝင်ထွက် သွားလာနိုင်သည်ဟူ၍ မကြားဘူးသေးချေ။

ကျွန်ုပ်တို့မြန်မာတိုင်းရင်းသားများသည် မိမိတို့၏တိုင်းပြည်အခြေအနေနှင့် တိုင်းရင်းသား အားလုံး တို့၏ စိတ်ဓါတ်ကို သေချာစွာ စူးစမ်းဆင်ခြင်ခြင်း မပြုသည့်အပြင် နိုင်ငံရပ်ခြားတိုင်းတပါးသားများ၏ အပြောနှင့် (ဝါ) စာတွေ့လောက်နှင့် (ရွှေလသာ–ရွှေညာလွမ်း)ဟူသောစကားအရ ကိုယ်မရောက်

ဘူးသော တိုင်းပြည်၏ဝါဒကို ကြားရုံမျှနှင့် သဘောကျနေလ ရှိကြလေသည်။ မည်သည့်အမှုကိစ္စမျိုး၌မဆို၊ ကျွန်ုပ်တို့ တိုင်းရင်းသားတိုင်းသည် လက်တွေ့အားဖြင့် အကောင်း အဆိုးကို မရုံစမ်းကြဘဲနှင့် လွယ်ကူစွာ လက်ခံ ဆောင်ရွက် သွားခြင်း မပြုသင့်ကြချေ။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဝါဒလိမ်ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားအားလုံး ဂျပန်များ၏ ညှင်းပန်းနှိပ်စက်ခြင်း အမျိုးမျိုးခံခဲ့ကြောင်းကို သတိရကြခြင်းအားဖြင့် နောင်တတရားရသင့်ကြပြီ။ စင်စစ်မှာမိမိတို့ကြိုက်နှစ်သက်သောဝါဒတခုကိုစည်းမျဉ်းတကျ အနုကြောင်း၍ခြင်းရာ။ ပုံလင်အောင်ဖော်ပြကာ။ လူထုသို့တင်ပြပြီး လူထုကြီးကလိုက်လိုက်လှဲလှဲ ထောက်ခံကြမှသာလျှင် မိမိ တိုင်းပြည်တွင် ထိုဝါဒကို ပေါက်ပွားစေသင့်ပေသည်။

ဆိုရှယ်လစ်ဝါဒမှာသည်း သိရသလောက် ဆိုလျှင်၊ ဗြိတိသျှဆိုရှယ်လစ်နှင့် ရုရှားဆိုရှယ်လစ်ဟူ၍ နှစ်မျိုး နှစ်စားရှိလေသည်။ ထိုနည်းတူစွာ ဗြိတိသျှဆိုရှယ်လစ်ဝါဒကိုနှစ်သက်သောသူအမြောက်အများရှိပြီး၊ ဆိုဗီယက်ရုရှား၏ ဆိုရှယ်လစ်ကို ကြိုက်သူသည်းအမြောက်အများရှိလေသည်။ ကျွန်ုပ်တို့ရုံစမ်းသိရှိရသလောက်၊ ဗြိတိသျှဆိုရှယ်လစ်သည် လွန်ခဲ့သည့်နှစ်ပေါင်း(၅၀၁)လောက်က စတင်တည်ထောင်ခဲ့၍လူကြိုက်များသည်အတိုင်း။ ယခုတိုင်ကောင်းမွန်စွာ တည်တန့်တိုးတက်ကြီးပွားလျက်ရှိလေသည်။ သို့ရာတွင် ဆိုဗီယက်ရုရှား၏ဆိုရှယ်လစ်ဝါဒမှာကားနှစ်ပေါင်းနှစ်ဆယ်မျှသာသက်တမ်းရှိပြီးကောင်းမွန်စွာ မခိုင်မြဲသေးသည့်အပြင် ရုရှားဆိုဗီယက် ကောင်း

ကြောင်းကို ကမ္ဘာက အသိအမှတ်ပြုသည်ဟု မသိရှိရသေးချေ ထိုင်းပြည်အတွင်း၌ ပြည်သူလူထု မလိုသားသောဝါဒကိုအ တင်းသွတ်သွင်းခြင်းသည်တိုင်းပြည်တည်တန့်ခိုင်မြဲမှုကို များ စွာထိခိုက်စရာအကြောင်းရှိလေသည်။အကြောင်းမှာ၊ထိုအဓမ္မ မှုတို့ကြောင့် တိုင်းရင်းသားများသည် မကျေနပ်မှုများသည် အတောသတ်နိုင်တော့မည်မဟုတ်ဘဲ တဦးနှင့်တဦး အငြင်း ပွားကာ ပြည်တွင်းစစ်ကိုဘန့်တည်းကြမည်ဖြစ်သည့်အတိုင်း ထိုပြည်တွင်းစစ်ကြောင့်ပင် စိတ်ငြိမ်းကဲ့ပြား အင်အားဆုတ် ယုတ်သွားပြီး၊ နယ်ချဲ့သမားများ၏လက်တွင်းသို့ သက်ဆင်း ကာ ကျွန်သဘောက်ဘဝသို့ ပြန်လည်ရောက်ရှိကြမည်ဖြစ်သ ဖြင့် သမတမြန်မာနိုင်ငံတော်အတွင်း၌လည်း ဘောင်ပြပါအဓမ္မ ဝါဒစနစ် ကိုအစိုးရနှင့်ပြည်သူနှစ်ဦးစလုံးအထူးတလည်ရှောင် ရှားသင့်ကြပေသည်။

## (၁၂) ဝါဒအပြောင်းအလွဲများ။

ရှေးအထက်ကျော်ကာလက တိုင်းပြည်ကိုအုပ်ချုပ် မင်း လုပ်သော ရှင်ဘုရင်များသည်။ သက်ဦးဆံပိုင် ဝါဒအရ အုပ် ချုပ်၍သွားကြလေသည်၊ ထိုစဉ်အခါက တိုင်းသူ ပြည်သား များ၏ အကြားအမြင်ဗဟုသုတနည်းပါးမှုတို့ကြောင့် သက်ဦး ဆံပိုင်စနစ် လွှမ်းမိုး နိုင်ခဲ့သော်လည်း၊ ခေတ်၏ ဆွဲဆောင်မှု ကြောင့်၊ ကမ္ဘာသူ-ကမ္ဘာသားများသည် အမြင်ကျယ်၍ လာ သည်ဖြစ်ရာ သက်ဦးဆံပိုင် စနစ်ကို ရှုံ့ရှာ မုန်းတီးလျက် ဒီမို ကရေစီစနစ်ကိုသာ လိုလားသာကြလေသည်။

**ဒိမိုကရေစီ။** ။ကမ္ဘာပေါ်ရှိ တိုင်းပြည် အသီးသီး တို့တွင် ဒိမိုကရေစီဝါဒကို ဦးဦးဖျားဖျား သက်ခံသော တိုင်းပြည်သည် ဗြိတိသျှ တိုင်းပြည်ပင် ဖြစ်၍ ၎င်းဝါဒဖြင့်ကြီးပွား တိုးတက်မှုများကိုရကာ ကမ္ဘာကို လွှမ်းမိုးနိုင်ကြောင်းနှင့်ယခုအခါ ကမ္ဘာကပင် အသိအမှတ် ပြုကြရချေပြီ၊ ထို့ကြောင့်ပင် ဗြိတိသျှ ပါလီမန်သည် ကမ္ဘာတဝှမ်းလုံးရှိ ပါလီမန်အားလုံးတို့၏မိခင်ကြီးဖြစ်ပေသည်။

ဒိမိုကရေစီ ဝါဒကောင်းကြောင်းကို အဆင့်အတန်း မြင့်လာသော တိုင်းပြည်ဟူသမျှတို့က လက်ခံ၍အာဏာရှင်စနစ်ကို တိုက်ဖျက်ကြလေသည်၊ သို့ရာတွင် အချို့သော တိုင်းပြည်တို့၌မူကား၊ ဒိမိုကရေစီအမည်ဖြင့် အာဏာရှင် စနစ်ကို မသိမသာ အသုံးပြုလျက်ရှိကြလေသည်။

**အာဏာရှင်စနစ် အသက် သွင်းခြင်း။** ။ကမ္ဘာပေါ်တွင် ဟစ်တလာ-မူဆိုလိုနီတို့ ခေတ်စားစဉ်အခါက၊ ၎င်းတို့သည် တန်ခိုးအာဏာကို လိုသားသောသူများ ဖြစ်ကြသည့်အလျောက် အာဏာကိုလက်ကိုင်ပြုကာ အာဏာရှင်ကြီးများဖြစ်လာလေသည်၊ ထိုစဉ်အခါက အာဏာရှင်စနစ် အတော်အတန်ခေတ်စား လာပြန်သဖြင့် အာဏာရှင် နိုင်ငံများနှင့် ဒိမိုကရေစီနိုင်ငံများတို့သည် စစ်ဖြစ်ကြကာ၊ ဒုတိယကမ္ဘာ စစ်ကြီးကို ဖန်တီးနိုင်ခဲ့ကြလေသည်။ အစအဦး၌ အာဏာရှင်နိုင်ငံများသည် အတော်အတန်အနိုင်ရခဲ့ကြသော်လည်း နောက်ဆုံး၌ ဒိမိုကရေစီနိုင်ငံများသာလျှင် အပြတ်အသတ် အနိုင်ရကြလေသည်၊ ထိုနေ့မှစ၍ အာဏာရှင် စနစ်သည် ကြက်ပျောက်

ဌက်ဒ်ပျောက်-ပျောက်ကွယ်သွားပြန်လေသည်။ ငုံးစစ်ပွဲကို ကမ္ဘာ့ရာဇဝင်တွင် ပဌမဝါဒစစ်ပွဲကြီးဟု မှတ်တမ်းတင်နိုင်လောက်ပေသည်။

**ကွန်မြူနစ်ဝါဒ။** ။စစ်ကြီး ပြီးဆုံး သွားသော အခါ ရုရှားပြည်၌ကွန်မြူနစ်ဝါဒသည် နိုင်ငံရေးဖြစ်သော တိုင်းပြည်များသို့လွှမ်းမိုးသွား၊ ကါဘရပ်ပြည်ကြီးအတွင်း၌ချန်ကေရှိတ်၏ ဒီမိုကရေစီအစိုးရနှင့် မော်စီးတုံ၏ကွန်မြူနစ်အစိုးရ တော်လှန်ရေးသမားများအကြိတ်အနယ်တိုက်ခိုက်ကြလေသည်။

ထိုနောက် ရပ်ရှား ကွန်မြူနစ် ဝါဒသည် ဥရောပတိုက်အရှေ့ပိုင်းနိုင်ငံကလေးများသို့ပျံ့နှံ့ ကာအိန္ဒိယနှင့်မြန်မာပြည်သို့ ရောက်ရှိလာပြန်လေသည်။

**ဝါဒတိုက်ပွဲ။** ။ယခုအခါ ရပ်ရှားက ဗြိတိသျှ-အမေရိကန်နှင့် ပြင်သစ်တို့၏ ဒီမိုကရေစီဝါဒသည် ဒီမိုကရေစီဝါဒအစစ်မဟုတ်ဘဲ၊အရင်းရှင်နှင့်ဓနရှင်တို့ကြီးစိုးသောဒီမိုကရေစီဝါဒဖြစ်သည်ဟုစွပ်စွဲပြီး၊ မိမိ၏ ကွန်မြူနစ်ဝါဒသာလျှင် ဒီမိုကရေစီဝါဒ အစစ် ဖြစ်ကြောင်းနှင့် ကမ္ဘာသို့ အတိအလင်းကြေညာလေသည်။ ထိုနည်းတူစွာ ဗြိတိသျှ, အမေရိကန်နှင့်ပြင်သစ်တို့ကလည်း၊ကွန်မြူနစ်ဝါဒသည် ပစ္စည်းမဲ့လူတန်းစားများအားလှည့်ဖျားပြီးဖက်ဆစ်ဝါဒကို ရေလဲနှင့်အသုံးပြုသောဝါဒဖြစ်ကြောင်းနှင့် ပြန်လည်ချေပလေသည်။ အတိုအားဖြင့်ဆိုသော် လက်ရှိအချေအနေအရ ကွန်မြူနစ်ဝါဒသည်ဖက်စစ်ဝါဒထက်ဆိုးသည်ဟု နိုင်ငံရေးသမား အမြောက်အများတို့က အတည်ပြုကြလေသည်။ယခုအခါ တော်ပြပါ ဝါဒနှစ်မျိုးလုံး.

သည် ကမ္ဘာပေါ်ရှိ နိုင်ငံ အသီးသီး တို့အား ဩဇာလွှမ်းမိုးနိုင်ခြင်း အလို့ငှာ အပြိုင်အဆိုင် ပြုလျက် ရှိကြပြီး။ ဤသို့ ဝါဒခြင်းပြိုင် ဆိုင်ကြသည့် အနေနှင့် တရုပ်ပြည်တွင် ၁၉၄၅-ခုနှစ်ကစ၍ ပြည်တွင်း စစ်ဖြစ်ခဲ့ရပြီ။ မြန်မာပြည်၌သည်း ၁၉၄၈-ခုနှစ် မှစ၍ ပြည်တွင်းစစ်ဖြစ်ခဲ့ရပြီ၊ မြန်မာပြည်၌လည်း-၁၉၄၈ ခုနှစ် ဧသု-၁-ရက်နေ့ကစ၍ ကွန်မြူနစ်များသည်ပြည်တွင်း စစ်ကိုကြေညာခဲ့ပြီ။

ဂျာမဏီပြည် ဘာလင်မြို့ အရေးတော်ပုံကြောင့် ဗြိတိသျှ အမေရိကန် ပြင်သစ်ပြည်များနှင့် ရုရှားကြီးစိုးသော ကွန်မြူ နစ် တိုင်းပြည်များသည်သည်း နှလုံးချည်စစ်ပွဲတိုးလျက်ရှိနေ သည့်အပြင် လက်ရုံးရည်စစ်ပွဲစခန်းနှင့် အတော်နီးကပ်လျက် ရှိကြောင်းဖြင့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဧွတာဘီစာင် ကိုယ်တိုင်ကပင်ဖွင့်ဟပြောဆိုခဲ့ပြီ။ သို့နှင့်ပင် ကမ္ဘာ့နိုင်ငံရေး ရပ်ကွက်များက ဖြစ်ဆဲ ဖြစ်လတ့ံသော တတိယ-ကမ္ဘာစစ်ပွဲ သည် ဒိမိုကရေစီနှင့်ကွန်မြူနစ်ဝါဒစစ်ဖွဲ့ကြီးဖြစ်ရမည်။ သို့ရာ တွင်နောက်ဆုံး၌ ကွန်မြူနစ်ဝါဒက အရှုံးပင် ရှုံးရမည်ဟု ဝေဘန်လျက်ရှိနေပေပြီ။

## လစ်နှင့်နစ်ဝါဒများ။

ဆိုရှယ်လစ်နှင့် ကွန်မြူနစ်ဝါဒများသည်။ တားလ်ဇော်က တည်ထွင်ခဲ့သော ဝါဒများ ဖြစ်သောကြောင့်များစွာ ကွဲထွဲရေး ခြားခြင်းမရှိချေ။ ၎င်းဝါဒနှစ်မျိုးစလုံးသည် သဘောခြင်းထပ်တူ ထပ်မျှပင် ဖြစ်သည့် အတိုင်း ဆိုရှယ်လစ် အခွင့်အတာန်းသို့

ရောက်ရှိသော တိုင်းပြည်သည် ရှေ့သို့ တလှမ်းတက်သည်နှင့် တပြိုက်နက် ကွန်မြူနစ် တိုင်းပြည်အဖြစ်သို့ ရောက်နိုင်သေသည်။ စင်စစ်မှာ အရင်းရှင်နှင့် ဓနရှင်ကြီးများ မရှိတော့ဘဲ လူတန်းစား မရှိသော တိုင်းပြည်အဖြစ်သို့ ရောက်မှသာလျှင် ဆိုရှယ်လစ်တိုင်းပြည်ဟု ခေါ်နိုင်မည်ပင်ဖြစ်လေသည်။

ဆိုရှယ်လစ် အဆင့်အတန်းမှ နောက်တဆင့် တက်သော် တိုင်းပြည် ( STATE ) ခြားနားခြင်း မရှိသော တိုင်းပြည်ကိုမူ ကွန်မြူနစ်တိုင်းပြည်ဟု ခေါ်ဆိုကြလေသည်။ ယခုအခါ ရုပ်ရှားပြည်ကြီးသည် ဆိုရှယ်လစ်အဆင့်အတန်းသို့ ရောက်ပြီဟုအတိအလင်းမဆိုနိုင်သေးချေ။ ကွန်မြူနစ် အဆင့်အတန်းသို့ ရောက်ရန်ကား အတော်ပင် ကွာဝေးလှသေး၏။ သို့ရာတွင် ကမ္ဘာ့အရပ်ရပ်က ရုပ်ရှားပြည်သည် ကွန်မြူနစ် တိုင်းပြည်ဟုအသိအမှတ်ပြုကြလေသည်။

## ဝါဒစွဲမရှိသင့်


ရုပ်ရှားပြည်၌ ဆိုရှယ်လစ်ဝါဒသည် ၁၉၂၆ ခုနှစ်လောက်ကမှ အခြေစိုက်နိုင်ခဲ့၏။ ထိုနေ့မှစ၍ ယခုအထိ နှစ်ပေါင်း နှစ်ဆယ်အတွင်း စမ်းသပ်၍ပင် ကောင်းမွန်စွာ အထမမြောက်သေးသည်ကိုထောက်သော် ဝါဒတခုကိုမိမိတိုင်းပြည်အတွင်း ရုတ်တရက် လွယ်သင့်တကူ သက်ခံရန်အတွက် အထူးစဉ်းစားဘွယ်ပင်ဖြစ်၏။

သို့ဖြစ်၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးအတွင်းဝယ် တပါးတိုင်းပြည်ရှိ ဝါဒကိုလက်ခံမည့်အစား မိမိတိုင်းရင်းသား



***The Loyal Karens of Burma*.** ဟူသောစာကို
စီစဉ်ရေးသားသော-မစ္စတာ စမိတင် (***M.A.***) ၏ပုံ။

629



ကရင်မင်းတိုင်ပင်အမတ်များ။

များ၏ အခြေအနေအဆင့်အတန်းနှင့် သင့်တော်မည်ထင်သော နိုင်ငံတကာရှိ ဝါဒများမှအကောင်းဆုံး အချက်အလက်များကို ကောက်နုတ်ခါလူများရအကြိုက် ခေတ်သစ် ဗမာသစ်ဝါဒကို တည်ထွင်လျှင်သာ၍ သင့်တော်ပေလိမ့်မည်။

အကယ်၍ ဝါဒတခုသည် တိုင်းပြည်တခုအတွက် သင့်တော်ကာချို့နှင့် မိမိတိုင်းပြည်အတွက် သင့်တော်မည်ဟုထုတ်ချယူဆကာ မိမိတိုင်းပြည်အတွင်း အတင်းသွတ်သွင်းမည်ဆိုပါက အခက်အခဲအမျိုးမျိုးတို့နှင့် ရင်ဆိုင်တွေ့ဆုံကြရမည် ဖြစ်သဖြင့် တိုင်းပြည်၏ပျက်စီးရာ ပျက်စီးကြောင်း သာလျှင် ဖြစ်ပေရာအကြောင်းရှိပေသည်။ ထို့ဖြစ်၍ ကျွန်ုပ်တို့ဗမာနိုင်ငံတော်အတွက် တိုင်းရင်းသားများ၏ အခြေအနေနှင့် သဘောထားများကို မစုံစမ်းဘဲ အခြားတိုင်းပြည်၏ ဝါဒကိုအရမ်းမဲ့ သွတ်သွင်းခြင်းမပြုအပ်ပေ။

အကယ်၍ ဗမာနိုင်ငံတော်အတွင်း၌ ရုရှားဆိုရှယ်လစ် ဝါဒကိုလက်ခံလိုသည်ရှိသော် မြန်မာတိုင်းရင်းသားများ၏ သဘောထားကိုအချိန်ကုန်ခံလျက် လူထု၏ဆန္ဒကိုအမှန်ရယူပြီး မှသာ လျှင်လက်ခံရန်အကြောင်းရှိလေသည်။

ယခုလက်ရှိ ဗမာနိုင်ငံအခြေအနေအရ တိုင်းရင်းသားများ သည် အကျိုးအကြောင်း အဆိုးအကောင်းကို ကောင်းမွန်စွာ ခွဲနိုင်စွမ်းမရှိသေးဘဲလျက်နှင့် လူတိုင်းလယ်ရရမည်။ လူ တိုင်းလဘက်သုပ်ရမည်။ လူတိုင်း သက်သာချောင်ချိရမည်ဆိုသော အပေါ်ယံဝါဒလေးခြောက်နှင့် သာမန်အားဖြင့်အကြိုက် တိုးကြကာ ကွန်မြူနစ်-သို့မဟုတ် ဆိုရှယ်လစ် စသည်ဖြင့်

မိမိတို့နှစ်သက်ရာဖြစ်သွားကြပြီဟန် လက္ခဏာရှိလေသည်၊ ထို့နှင့်ပင် ဝါဒအမျိုးမျိုးတို့၏ ဆွဲဆောင်မှုတို့ကြောင့် ဗမာလူမျိုးကြီးသည် သူများယောင်လို့ ပေါင်ရသည်၊ အမှောင်ထောင်မှန်း မြောက်မှန်း မသိပဲဘူသော စကားအရ အဆွဲသန်ရာ [illegible]စပ်ရာသို့ ပါသွားကြသည်ကများလေသည်၊

## ကိုယ်ကျိုးကိုသာမရှာသင့်။

ဗမာပြည်ကြီး၏ ကောင်းရာ ကောင်းကြောင်းကို လိုလားသော သူတိုင်း မိမိ၏အကျိုးကို ငဲ့ကွက်လျက် တိုင်းရင်းသား အားလုံးတို့၏ ကောင်းရာ ကောင်းကြောင်းကိုသာ အဓိက ထားပြီး နိုင်ငံရေးသို့ ဝင်ရောက် ဆောင်ရွက်ကြရမည်ဖြစ်၏။ လက်ရှိအခြေ အနေ၌ကား၊ ပါတီအသီးသီးတို့သည် မိမိတို့၏ အင်အားတောင့်တင်းမှုလောက်သာပဓါနထားကာ ပရိယာယ် အမျိုးမျိုးတို့ကို အသုံးပြုကာ လူထုကြီးအား ဆွဲဆောင်ကြလျက် မိမိရာထူး ခိုင်မြဲမှုအတွက် ကြိုးပန်းကြသည်သာ များလေသည်။ ပါတီလုပ်ငန်း ဆောင်ရွက်ရာ၌ ရာထူး မရသော သူများကသည်း ရာထူးရသော သူများကို ဖြုတ်ချရန်သာ အမျိုးမျိုးအားထုတ်ကြလေသည်၊

## လာဘ်စားခြင်း။

တံစိုးလာဘ်ဆောင် စားခြင်းကို ဗမာတိုင်းရင်းသားကပင် ရှုံ့ချကြ၏၊ လွန်ခဲ့သော ကာလများက အစိုးရ၏ငွေကို အကြောင်းမဲ့ စားသုံးခြင်းသည် ဗမာငွေမဟုတ်ဘဲ အင်္ဂလိပ်ငွေ

သို့မဟုတ် ချေးပန်ငွေများသာ ဖြစ်သဖြင့် အဖြစ်မရှိ အကျိုးမယုတ်ဟု အချို့သူများ ပြောလေ့ရှိ၏။ သို့ရာတွင် ယခုအခါကြီးသည်ကား ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်အစိုးရ များက ချုပ်ချယ်လျက်ရှိသဖြင့် အဆိုပါလာဘ်စားမှုများ အရှင်းပပျောက်သွားလိမ့်မည်ဟု လူအများကပင် ယုံကြည်ယူဆလျက် ရှိကြလေသည်။ သို့ရာတွင် ယခုအခါ၌ ထိုအကျင့်ဆိုးများ ပပျောက်သွားခြင်း မရှိဘဲ တိုင်းပြည်၏ မျက်နှာပုံးများ ဖြစ်ကြသော ဝန်ကြီး အဖွဲ့ထဲ၌ပင် တိုင်းပြည်၏ ငွေ ၄ သိန်း ခြောက်သိန်းကျော်တို့ နစ်နာအောင် လာဘ်စားထားသည်ဟု သတင်းစာများတွင် ဘတ်ရှုရသဖြင့် အထူးဝမ်းနည်းဘွယ် ဖြစ်လေသည်။ တိုင်းသိ ပြည်သိမဟုတ်ဘဲ အစိုးရ၏ ငွေများကို အလွဲသုံးစားလျက် ရှိသူ မည်ရွေ့မည်မျှရှိလိမ့်ဦးမည်ကား ကျွန်ုပ်တို့မပြောနိုင်ချေ။ ဝန်ကြီးများအထဲ၌ပင် ဤကဲ့သို့အပုတ်နံ့များနှင့်မကင်းလျှင် လက်အောက်ငယ်သားများအထဲ၌ မည်မျှရှိမည်ကိုကား ကျွန်ုပ်တို့မခန့်မှန်းနိုင်ချေ။

လွပ်လပ်သော တိုင်းပြည်ဝယ် ဤသို့သောအကျင့်ဆိုးများ ပေါ်များချေသော် ထိုတိုင်းပြည်၏ စီးပွားရေးအခြေအနေ မည်မျှ အောက်တန်း ကျမည်၊ ပြန်လည် ထူထောင်ရေး မည်မျှ နှောင့်နှေးလိမ့်မည်ကို ကျွန်ုပ်တို့ သဘောပေါက်နိုင် လောက်ပေပြီ။ အဆိုပါ ဝါဒဆိုးများသည် ကိုယ်ကျိုးရှာသော ဝါဒများ အားလုံးမှ ဖြစ်၏။

## ဗမာပြည်၌ ဘာလိုနေသလဲ။

ဝါဒကောင်းသော်လည်း ဝါဒကို လက်ကိုင်ပြုသောသူက မကောင်းလျှင် ဘာမျှ ကောင်းကျိုးရှိနိုင်မည်မဟုတ်၊ ဝါဒညံ့ဖျင်းသော်လည်း ပုဂ္ဂိုလ်ကကောင်းလျှင် အကျိုးဆုတ်ယုတ်ရန် အကြောင်းမရှိ၊ တိုင်းပြည် တပြည်၏ ကောင်းရာ ကောင်းကြောင်းသည် တိုင်းပြည်၏ မျက်နှာဖုံးများ၏ တည်ကြည်မှု ဖြောင့်မတ်မှုတို့၏အပေါ် ၌သာ တည်လျက်ရှိလေသည်၊ ဗမာနိုင်ငံတော်ကြီးအတွက် အဓိကလိုလားဘွယ်ဖြစ်သော အဓိကအချက်ကြီး တရပ်သည်ကား၊ လူထုယုံကြည်အားထား နိုင်လောက်အောင် ရိုးသားဖြောင့်မတ်၍ သမာဓိရှိသော ခေါင်းဆောင်များကို ရရှိအောင် စွမ်းဆောင်နိုင်ခြင်းပင်ဖြစ်လေသည်၊ ဝါဒအမျိုးမျိုးပင်ရှိလင့်ကစား အဆိုပါဝါဒများသည် တခုနှင့်တခု မကွာခြားလှချေ။ ကွန်မြူနစ်ဖြစ်စေ၊ ဆိုရှယ်လစ်ဖြစ်စေ အခြားပါတီများဖြစ်စေ၊ ၎င်းတို့၏ အဓိက ရည်ရွယ်ရင်း သည်ကား တိုင်းပြည်၏ တိုးတက်ရာ တိုးတက်ကြောင်း သာလျှင် ဖြစ်ရကား ပါတီနှင့် ဝါဒများကိုလိုက်၍ အပြစ်ရှာဘွယ် မလိုလှချေ၊ စင်စစ်မှာ ဝါဒလက်ကိုင်ဖြစ်သောပုဂ္ဂိုလ်များ၏အပေါ် ၌သာ တည်လျက်ရှိလေသည်။

သို့ဖြစ်၍ ဗမာနိုင်ငံတော် ကြီးပွား တိုးတက်လျှင် အုပ်ချုပ်ရေး တည်တံ့ ခိုင်မြဲရေးမှာ တိုင်းပြည်အတွင်း လက်ရှိ အကျင့် ဘောဘ်ပြားသော ခေါင်းဆောင် အရာရှိနှင့် အမှုထမ်းများကို အမြန် ဖြုတ်ချပြီး သစ္စာ သမာဓိနှင့် ပြည့်စုံ၍

အရည်အချင်းရှိသော ခေါင်းဆောင်များ ဝန်ကြီးများ ပါတီမန် အဖွဲ့ဝင်များကို၊ လူမျိုးမရွေး၊ ပါတီမရွေး ပြန်လည်ရွေးကောက် ထင်မြှောက်ခြင်းအပေါ် ၌သာလျှင်တည်လျက်ရှိသေသည်၊

## အတွေ့နှင့်အတွေး၊

### ရွေးကောက်ပွဲ။

လွတ်လပ်ရေးကို မဆိုင်းမတွ ချက်ခြင်း အလိုရှိကြသော မြန်မာ လူထု ကြီးသည် ဗြိတိသျှ ပြည်ပြေးရေးကို ရှိသင့် သလောက် မရှိသေးမီ၊ မဲစာရင်းများကို အမြန်ကောက်ယူကာ ရွေးကောက်ပွဲကိုအဆောတလျင်ကျင်းပခဲ့ရာ၊ တိုင်းပြုပြည်ပြု အမတ်-၂၅၀-ခန့်အနက် တဝက်ကျော်ခန့်တို့သည် ပြိုင်ဘက် မရှိဘဲ ရွေးကောက်ခြင်းကိုခံခဲ့ရလေသည်၊

ဤကဲ့သို့ ပြိုင်ဘက်မရှိဘဲ ရွေးကောက်ခြင်း ခံရသော တိုင်း ပြည်ကိုယ်စားလှယ်များသည်၊ တိုင်းပြည်တိုင်း၌လိုလိုပင် ရှိ ထသော်သည်း ဤမျှများပြားသည့်ဟုမရှိဘဲအနည်းအကျဉ်း မျှသာ ရှိသေသည်၊ ဤသို့ ပြိုင်ဘက်မရှိဘဲ အရွေးခံရသူ များ ပြားခြင်းကို ကမ္ဘာကပင် အံ့ဩ ခဲ့ရလေသည်၊ သို့ရာတွင် ဤအကြောင်းနှင့် ပါတ်သက်၍ သတင်းစာများသည် ထိုစဉ် အခါက တစုံတရာ ဝေဘန်ခြင်း မပြုခဲ့ကြချေ၊ ကမ္ဘာကပင် အံ့ဩ နိုင်လောက်သော ညီညွတ်ရေးကို ရရှိ ကြကြောင်းနှင့်

ပါတ်သက်၍လည်း မည်သူ တဦးတယောက် ကမျှ ထုးခွန်း သည့်ဟု မပြောခဲ့ကြချေ။

သို့ရာတွင် ဟီးတိုးသခင်းအချို့တို့လောက်သာ ရွေးကောက်ပွဲကြီးသည် ဒိမိုကရေစီ စနစ်အရ တရားသဖြင့် ရွေးကောက်တင်မြှောက်သော ရွေးကောက်ပွဲ မဟုတ်ကြောင်းနှင့် ထင်မြင်ချက် ပေးကြသော်လည်း တိုင်းပြည်သို့ ပွင့်ပွင့်လင်းလင်း မပြောဝံ့ကြချေ။

သို့နှင့်ပင်အောက်ပါအချက်များကိုအကြောင်းပြု၍ တီးတိုးသမားများသည် ဒိမိုကရေစီ စနစ်အရတရားသဖြင့် လွတ်လပ်စွာကျင်းပသောရွေးကောက်ပွဲမဟုတ်ကြောင်းနှင့် အကြောင်းပြကြလေသည်။

(၁) စဝ-နယ်-ဇင်းများနှင့် ဖ-ဆ-ပ-လ ဝါဒ ဖြန့်ချိရေး သမားများသည်၊ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ငန်းစဉ်ကို လုံးဝ ထောက်ခံရာ၌ ဗိုလ်ချုပ်သည် လူထု အသဲစွဲဖြစ်ကြောင်း၊လူထုကကြည်ညိုကြောင်းနှင့်ပါ၍လေသည်

(၂) ထိုစဉ်အခါက ဗမာတိုင်းရင်းသားများသည် လွတ်လပ်ရေး ရသိုသောဆန္ဒ ပြင်းပြ ကြသည့်အပြင် လူတဦးတယောက်က လူထု၏အစီအစဉ်ကို အနည်းငယ်မျှထိပါးလျှင် လူထုက အထင်အမြင်မှားပြီး ဒုက္ခအမျိုးမျိုးအပေးခံရလိမ့်မည်ဟု အများကပင် ယူဆခဲ့ကြ၏။

(၃) တိုင်းပြည်အတွင်း ငြိမ်ဝပ်ပိပြားရေးရှိသင့်သလောက် မရှိသေးသဖြင့်မဲပေးသူများသည် လွတ်လွတ်လပ်လပ် မဲပေးနိုင်ကြသည့်အပြင် အရွေးခံလိုသူများကလည်း စိတ်ချ

လက်ချအရွေးခံခဲ့ရကြချေ၊ မဲတချို့သည်းစိတ်တိုင်းကျမပေး နိုင်ကြသေး၊ ဖ,ဆ,ပ,လ,နှင့် ဆန့်ကျင်သောသူများသည် သစ္စာ ဖေါက်များဟု စွပ်စွဲခြင်းခံရသည့်အခါမျိုးသည်းဖြစ်၏။

(၄) ထိုစဉ်အခါကရဲဘော်များသည် လက်နက်ကိုင်ဆောင် ခွင့်ရသဖြင့် ဖ,ဆ,ပ,လ မဟုတ်ဘဲ ရွေးကောက်ပွဲဝင် လိုသောသူများသည် အဆိုပါရဲဘော်များကို ကြောက်ရွံ့ကြ သဖြင့် အချို့တို့ ကမ်ဒိဒိတ်တို့တင်သွင်းထားသောအမည်များကို ပင် ပြန်လည်ရုပ်သိမ်းကြလေသည်။

(၅) ဗိုလ်ချုပ်ကိုယ်တိုင် တည်ထောင်ထားသော ရဲဘော် ရဲဘေများသည်လည်း မျိုးချစ် စိတ်ဓါတ်လွန်စွာ ပြင်းပြ ကြသဖြင့် ဗိုလ်ချုပ်၏ လမ်းစဉ်ကို ဆန့်ကျင်သော သူတိုင်း မိမိတို့၏ ရန်သူဟု ယူဆခဲ့ကြလေသည်။

(၆) ရွေးကောက်ပွဲကျင်းပရာ၌ အချိန်အလွန် တိုတောင်းလှ သဖြင့် အချို့သော ပါတီဝင်များသည် ရွေးကောက်ပွဲ ဝင်ရန် အတွက် လုံလောက်သော ပြင်ဆင်ခွင့်ကို ရသင့် သလောက် မရခဲ့ကြချေ။

(၇) နိုင်ငံရေးတွင် နာမည် ကြီးခဲ့သော ပါတီများ ဖြစ်ကြ သည့် မျိုးချစ်ပါတီ၊ ဒို့ဗမာပါတီနှင့် မဟာဗမာ အစ ရှိသည်တို့သည်။ နု၊ အက်တလီစာချုပ်ကို ကန့်ကွက်သည့်အနေ နှင့် ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြ၏။

ဖော်ပြပါအချက်ကြီးခုနစ်ချက်ကို အကြောင်းပြု၍တီးတိုး သမားသည် တီးတိုး စတင်ပြောကြရာမှ အသံသည် တဖြည်း ဖြည်း မြည်ဟီးလာခဲ့၏၊ ယခုအခါ၌မူကား တီးတိုးသမားများ

၏ ထင်မြင်ချက်သည် တစတစ မှန်ကန်လာလေပြီ။ အခုပါ ရွေးကောက်ပွဲကို ဒီမိုကရေစီ သဘောတရားအတိုင်း တရားသဖြင့် လွတ်လပ်စွာကျင်းပသော ရွေးကောက်ပွဲဟု မည်သူမျှ အတိအလင်းမပြောနိုင်ကြတော့ချေ။

ထိုအခါက မြန်မာများကဲ့သို့ လွတ်လပ်ရေးကို လိုလားကြသောကရင်အမျိုးသားများသည်ထိုအပြုအမူကိုကြည့်၍များစွာ အံ့အားသင့်ခဲ့ကြ၏။မည်သို့ပင်ဖြစ်စေ၊ဒီမိုကရေစီစနစ်အရ ဒီမိုကရေစီအခွင့်အရေးသည် စစ်မှန်မှုမှ အခြေတည်သော အချုပ်အချာ ရေးသည် အရှည်သဖြင့်တည်မြဲလိမ့်မည်၊ သို့ရာတွင် ဒီမိုကရေစီအမြေခံသော ဖက်ဆစ်ဆန်သည့် အချုပ်ချာရေးသည် ကြာမြင့်စွာ တည်တံ့နိုင်လိမ့်မည်မဟုတ်ချေ။

ယခုလက်ရှိ ပြည်တွင်း ထကြွသောဝင်းကျွန်းပုန်ကန်မှုများကို ကြည့်ခြင်းအားဖြင့် ဗမာနိုင်ငံတော်၏ အချုပ်ချာရေးတွင် ပါဝင်သောကိုယ်စားလှယ်များသည် လူများ၏ကိုယ်စားလှယ်များ ဟုတ်မဟုတ် ဝေဖန်နိုင်ဘွယ်ရာ အကြောင်းရှိလေသည်။

ဗိုလ်ချုပ် အောင်ဆန်းရှိစဉ်အခါက ဗမာနိုင်ငံတွင်းရှိလူထုကြီးသည် ဗိုလ်ချုပ်ကို စွဲလမ်းကြည်ညိုကြသည့် အတိုင်း ဗ-ခ-ပ-လ-လမ်းစဉ်ကို တခဲနက် ထောက်ခံကြသည်ဟုဆိုနိုင်လောက်သော်လည်း ဗိုလ်ချုပ် ကွယ်လွန်သွားပြီးနောက် အချို့သော ခေါင်းဆောင်များတို့သည် အချင်းချင်း စိတ်ဝမ်းကွဲပြားသွားရုံမျှမကဘဲ၊ ယခုကဲ့သို့ လက်နက်ကိုင်၍ တော်လှန် ပုန်ကန်သည့် အဖြစ်မျိုးသို့ ရောက်ရခြင်းသည် လွန်စွာ အရှက်ဆိုးလျက် ဝမ်းနည်းဘွယ်ဖြစ်လေသည်။

လက်ရှိအခြေအနေအရ ဗမာနိုင်ငံကြီးသည်အခြေဆိုးလျက်ရှိပြီ၊ ဆူပူ သောင်းကျန်းမှုများသည် အမြန် ငြိမ်းသွားခြင်းမရှိဘဲ ဆက်လက်၍ သွားသျှင် ရရှိပြီးဖြစ်သော လွတ်လပ်ရေးကြီး ဆုံးရှုံးသွားနိုင်ဘွယ်ရာ အကြောင်းရှိပြီး တိုင်းရင်းသားများသည် ကျွန်သဘောက်ဘဝသို့ ပြန်သည် ရောက်ရှိကြမည်ကို စိုးရိမ်မကင်းဘွယ်ရာရှိတော့၏၊ သို့ဖြစ်၍ ဗမာ့လွတ်လပ်ရေး တည်မြဲမှုကို တကယ်လိုလားသော တိုင်းရင်းသားတိုင်း မိမိတို့၏ အမှားများကို အမှန်သို့ ရောက်အောင် စိတ်ဓါတ်ပြောင်းလဲကာ ပြန်သည်ပြင်ဆင်ဘို့ မနှောင့်နှေးသင့်ကြချေ၊

## ရဲဘော်ကိစ္စ။

ဗိုလ်ချုပ်အောင်ဆန်း၏ ပဌမဆုံး ရည်ရွယ်ချက်သည်ကား လွတ်လပ်ရေးကို နှလုံးရည်နှင့် တိုက်ယူရန်ပင် ဖြစ်၏၊ ဗမာ့နိုင်ငံရေးပါတီနှင့် ဗြိတိသျှတို့၏ သဘောထားကို ကောင်းစွာသိနှင့်ပြီးသော ဗိုလ်ချုပ်သည် နှလုံးရည်တိုက်ပွဲကို လက်ရုံးရည်နှင့်ခြောက်လှန့်၍ပြမှသာလျှင်အောင်မြင်မည့်အကြောင်းကို ကောင်းမွန်စွာနားလည်ထားလေသည်။ ထိုအခါက အချို့သော စစ်ပြန်ရဲဘော်ဟောင်းများသည်လည်း ဘားမားရိုက်ဖယ် စစ်တပ်များအထဲသို့ ဝင်ရောက် အမှုထမ်းကြလေသည်၊ လွတ်လပ်ရေးအတွက် စိတ်ထက်သန်သော လူငယ်များဖြစ်ကြသည်အလျောက် အချို့တို့သည် လွတ်လပ်ရေးကို အကြမ်းဘက်၍ တိုက်ရမည်ဆိုလျှင် အမှန်တိုက်ရဲသောသူများဖြစ်ကြလေသည် သို့ရာတွင် အချို့တို့သည် စစ်ဥပဒေ၏ ကြပ်တည်း မှုကို

ကြောက်ရွံ့ကြသောကြောင့် စစ်ထဲသို့ ဝင်လိုစိတ်များ မရှိကြချေ။

ဗိုလ်ချုပ်အောင်ဆန်းသည် အလုပ်လက်မဲ့ လူငယ်များကို အလုပ်ပေးရန်အတွက် ရပ်ကွက်တိုင်း၌ သို့လိုပြင် ရဲဘော်တပ်ဖွဲ့များကို ဖွဲ့စည်းစေပြီးလျှင် အရပ်ရပ်ရှိ လူငယ်များအား အလုပ်ပေးသသည်။ မျိုးချစ်စိတ်ဓါတ် ထက်သန်ရန် အတွက်လည်း စစ-နည်း-ဗျင်း အစောင်စောင်ပို့၍ အမျိုးမျိုးရေးသား အားပေးကြလေသည်။ သို့နှင့်ပင် ရဲဘော်တပ်ဖွဲ့သည် အင်အား တောင့်တင်း၍လာလေသည်။

သို့ရာတွင် ဆာပေါ်ထွန်းအစိုးရက ဤကဲ့သို့ပါတီစစ်တပ် ဖွဲ့စည်းခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်ဟုဆိုကာ ရဲဘော် အချောက်အချားကို စတင်ဘမ်းဆီးလေသည်။ ဤသို့ဘမ်းဆီး ရာမှ မကျေနပ်မှုများသည် တစတစပွားများလာကာ။ သပိတ် များ တလုံးပြီးတလုံး ပေါ်ပေါက်လာပြီးနောက် ဆာပေါ်ထွန်း အစိုးရ အရှုံးပေးရသည့်အထိ ရောက်သွားလေသည်။ ထိုစဉ် အခါက ဗိုလ်ချုပ်အောင်ဆန်းသည် လူထုအင်အားတောင့်တင်း သည့်အတိုင်း လူထု၏ ထောက်ခံမှုကို ရရှိသဖြင့် အောင်မြင် ခဲ့ခြင်းဖြစ်၏။ ထိုအောင်မြင်ခြင်းသည် နောင်လာ လတ္တံ့သော အချိန်များ၌ ခဲရာခဲဆစ်အမျိုးမျိုးပေါ်ပေါက်လာရန် အကြောင်း တရပ်ဖြစ်လေသည်။

လွတ်လပ်ရေး ရလုနီးသောအခါမှစ၍ ရဲဘော်များသည် တပ်ဖွဲ့ အနေမှ နိုင်ငံရေးအဖွဲ့ အဖြစ်သို့ ပြောင်းလဲရမည့် အကြောင်း၊ လက်နက်များအားလုံးပြန်အပ်ကြရမည့်အကြောင်း။

ပဓနီဖေါ်ပြပေါင်းစသော စစ်ဝတ် စစ်စားများကို မဝတ်ဆင်ကြရ၊ စစ်ချေးမပြရသည်ဖြင့် အမိန့်ဘရင် ထွက်ပေါ်လာလေသည်။ ထိုဥပဒေကို ရဲဘော်များက မနာခံသဖြင့် အစိုးရ အဖွဲ့က ပဋ္ဌာအကြီးမှုအရှုံးပေးလိုက်ရ၏၊ အစိုးရသည်ဤကဲ့သို့အရှုံး ခံတက်ကာနေပြီး မျှေးဦးဖေါက် ခဲ့သောကြောင့်၊ နောက်ထပ်ပေါ် ပေါက်ဆဲ ပေါ်ပေါက် လတံ့သော အခက် အခဲများတွင်လည်း အရှုံးပေးရမည့်ဘတ်ကသာများစရာအကြောင်းရှိ၏၊ မိမိတို့၏ ဂုဏ်သိက္ခာကို မထောက်ဘဲ လူထုစု၏ ဆန္ဒကိုသာ လိုက် လျောခဲ့ဘူးသောကြောင့် နောင်ပေါ်ပေါက်သည့် ကိစ္စတိုင်း၌ မလိုက်လျောခဲ့သော် လူထုအပြစ်တင်ခြင်း အကြောင်းတရပ် ဖြစ်နိုင်၏၊ ဆက်လက်၍ လျော့ပေးပြန်သျှင်လည်း အစိုးရ၏ ဂုဏ်သိက္ခာ ပိုမိုထိခိုက်မည်ဖြစ်၏၊ ဤကား အစိုးရ၌ လိုအပ် သော ချို့ယွင်းချက် တခု ဖြစ်သည်ဟု ယူဆနိုင်ဘွယ်ရာ ရှိ လေသည်။

## ဒီမိုကရေစီအညွှန့်စား။

ဒီမိုကရေစီကိုလိုသားသည်ဟု အသံကောင်းဟစ်နေသော မည်သည့်ဘိုင်းပြည်ကိုမဆို ပညာအမြော်အမြင် နည်းပါး၍ ဒီမို ကရေစီ၏ သဘောဘရားများကို နားမလည်သျှင် ဒီမိုကရေစီ အညွှန့်စားကိုသာ ရရှိကြပေလိမ့်မည်၊ ထို့ဖြစ်၍ ဗမာတိုင်းရင်း သားများသည်၊ ဒီမိုကရေစီ အကောင်းစားကို ရရန် အတွက် ကြိုးပမ်းကြရပေမည်၊

ရှေးအခါကသော်၎င်း၊ ယခုအခါ၌သော်ပင်၎င်း၊ တိုင်းရင်းသား အချို့တို့သည် အချိန်ကုန် ငွေကုန်ခံကာ မဲမပေးဘဲ ဧးဆေးစွာနေတတ်ကြ၏။ မဲ၏တန်ဘိုးကိုကောင်းစွာမသိသော သူများကလည်း မဲအရောင်းအဝယ်ပြုလုပ်လေ့ရှိ၏။ မဲ၏တန်ဘိုးကို ကောင်းစွာသိသူအချို့တို့ပင် မိမိတို့၏ပါတီ ဝါဒစွဲ တို့ကြောင့် မိမိတို့နှင့်နီးစပ်ရာ ခင်မင်ရာဖြစ်သော သူများအဘို့သာ မဲပေးကြသည်ကို တွေ့ရှိကြရလေသည်၊ ဤသို့သောအပြုအမူများကြောင့် ကျွန်ုပ်တို့သည် ဒိမိုကရေစီအကောင်းစားကို ရရန်အတွက် အလွန်ပင်ခဲယဉ်းလေသည်။

မြန်မာပြည်၌ မဲအရောင်းအဝယ်ကိစ္စ အလွန်များကြောင်းကို လူတိုင်းအသိပင်ဖြစ်၏၊ အမတ်ရွေးကောက်ပွဲတွင်သာမက ရွာသူကြီး ရွေးကောက်ပွဲများ၌ ပင်လျှင် ငွေကြေး အမြောက်အများ အကုန်အကျ ခံကြလျက် တံစိုးလက်ဆောင် ပေးကမ်းခြင်း မဲဝယ်ခြင်းစသောအမှုများကိုပြုလုပ်လေ့ရှိကြလေသည်၊ ဤနည်းဖြင့် ငွေအမြောက်အများ အကုန်အကျ မခံနိုင်သော သူသည်။ အရည်အချင်းပင် ရှိသင့်ကစား၊ ရွေးကောက်ပွဲတွင် အောင်မြင်နိုင်ဘွယ်ရာ အကြောင်းမရှိချေ။ မဲအရောင်းအဝယ် ကိစ္စကို ဥပဒေကကြပ်တည်းစွာ တားမြစ်ထားပါသော်လည်း ရွေးကောက်ပွဲတိုင်း၌ လိုလိုပင် မဲအရောင်း အဝယ် ကိစ္စနှင့် မကင်းချေ။ သို့နှင့်ပင် မဲဝယ်ပြီး ရာထူးယူရသောသူများသည် မိမိတို့ ကုန်ကျခဲ့သော ငွေများကို ပြန်၍ရရန် ငွေရပေါက် ရလမ်းကိုထွင်ရပြန်သဖြင့် တိုင်းပြည် တိုးတက် ကြီးပွားရေး ကို ထင်သလောက် ထမြောက်အောင် ထိရောက်စွာ ဆောင်

ရွေးချယ်ခြင်း၌ ခါတော်နိုင်လိမ့်မည့် ဟုတော်ချေ၊ သော်ပြဖါ အကြောင်းများကြောင့် ကချင် အမျိုးသား များသည်၊ ရွေးကောက်ပွဲသို့ ဝင်ရောက်အရွေးခံလိုစိတ် နည်းပါးခြင်းဖြစ်ပေသည်၊ ဤကဲ့သို့သော စိတ်ဓါတ်နှင့် အဆင့်အတန်းမျိုး ကျွန်ုပ်တို့ တိုင်းပြည်၌ သွမ်းရှိနေသရွေ့ ကာလသပတ်လုံး ဗမာနိုင်ငံတော် ကြီးပွားတိုးတက်ရေးကို ပို၍နှောင့်နှေးစေလိမ့်မည်၊

## ဥပဒေသစ်များ။

၁။ **လက်နက်ပုန်း။** ။တိုင်းပြည် ထပြည့်၌ ဥပဒေသစ်များ ပေါ်ပေါက်သာတိုင်း အခက်အခဲ အမျိုးမျိုးတို့နှင့် တွေ့ကြုံရတော့၏၊ ဗြိတိသျှကာ ဗမာနိုင်ငံတော် အတွင်း ;ရုတ်တရက် ပေါ်ပေါက်လာသော ဥပဒေသစ် တခုမှာ လက်နက်ပုန်း များကို ပြန်၍အပ်ရမည့် ဥပဒေပင် ဖြစ်လေသည်၊ ၎င်းဥပဒေအရ လိုင်စင်မရှိသော လက်နက်ပုန်းများကို ကိုင်ဆောင်ခြင်းနှင့် ထားဖြတ်ခြင်း များကို သေဒဏ်ပေးမည်ဟု ပါရှိသော်လည်း လက်နက်ပုန်း ကိုင်သူများ နည်းပါးသွားသည် ဟူ၍ မရှိဘဲ ဥပဒေနှင့် လွတ်ကင်းမည့် နည်းသစ်အမျိုးမျိုးတို့ကို ရှာကြံပြီး ကိုင်ဆောင် ထားကြဟန် လက္ခဏာရှိလေသည်၊

လူတို့မည်သည် ကြီးလေးသောအပြစ်ဒဏ်ကို ကြောက်၍ ရှောင်ကြသည်ဖြစ်ရာ ဤကဲ့သို့သော ဥပဒေမျိုးကို ထုတ်သိုက်ခြင်းအားဖြင့် တိုင်းပြည်အတွင်း လက်နက်ပုန်းများ ပပျောက်

သွားလျက် ချမ်းသွားလိမ့်မည်ဟူသော ရည်ရွယ်ချက်
ကောင်း၏။ သို့ရာတွင်ရည်ရွယ်ချက်မပြည့်စုံဘဲယခု
နေခြင်းသည်အစိုးရ၏အုပ်ချုပ်ရေးကိုများစွာထိခိုက်လေသည်

## ၁။ လယ်သီးစားနှင့်လယ်မြေချထားရေး ဥပဒေများ။

ရှေးအခါက လယ်ပိုင်ရှင်နှင့် သီးစားသမားသည် အတော်ပင် သင့်မြတ်ကြသည်ဟု ဆိုနိုင်လောက်သော်လည်း ယခုအခါ ၎င်းတို့ အချင်းချင်း မသင့်မတင့် ဖြစ်ကြကာ ရန်သူသဘွယ် ဖြစ်ကြရချေသည်၊ ဤသို့ဖြစ်ရခြင်းအကြောင်းသည်၊ လောလောဆယ် ပေါ်ပေါက်လာသော သီးစားနှင့် လယ်မြေချထားရေး ဥပဒေသစ် ပေါ်ပေါက်လာသောကြောင့် ဖြစ်သည်ဟု လူတိုင်း ယုံကြည်ကြသည့်အတိုင်း တိုင်းရင်းသားအချင်းချင်းနှင့်ပြီးပြတ်နိုင်သောအချိန်တွင် အခက်အခဲများ ပိုမို များပြား လာအောင် ဘိတ်ခေါ်လိုက်ခြင်းနှင့်မခြားလှချေ၊

အဆိုပါ သီးစား ဥပဒေသည် လယ်ပိုင်ရှင်ကလေးများ အတွက် စီးပွားရေးအခက်အခဲနှင့် ကြုံကြိုက်ကြရ၍ ပစ္စည်းမဲ့ လူတန်းစားများ အတွက်လည်း တစုံတရာ အကျိုးခံစားခွင့် ရှိသည်ဟု မသိရသေးချေ၊ ကျွန်ုပ်တို့သည်လယ်စရိပ်အတွက်အသင့်အတင့် အရင်းအနှီးရှိသော သူများသာလျှင် အကျိုးခံစားခွင့် အနည်းအတန်ရလေသည်၊

အဆိုပါဥပဒေကိုထုတ်လိုက်ခြင်းအားဖြင့် အခြားဖြစ်ပွားခြင်း တဦးနှင့်တဦး တရားစွဲဆိုခြင်း၊ အချင်းချင်းထိုးခုတ်သတ်ဖြတ်

...းစသည်ဖြင့် တိုင်းပြည် အတွင်း ငြိမ်မသက် ...များကာ အစိုးရအပေါ်တွင် ကြည်ညိုမှု နည်းပါး ...လျက် ဆန့်ကျင်သူ များပြားလာလေသည်၊ သို့နှင့်ပင် ရင်းပြသနာများကို ဖြေရှင်း၍ကုန်နိုင်သည်ဟူ၍မရှိဘဲ အထင်နှင့်အမြင် တလွဲစီဖြစ်လျက်ရှိလေသည်။

သို့ဖြစ်၍ နောက်ထပ်ဥပဒေသစ်များကို ထုတ်ရေးအတွက် အသုံးတသည့် စဉ်းစားရပေရလိမ့်မည်၊ အကြောင်းမူကား ဥပဒေအသစ် ထုတ်လိုက်တိုင်း ၍သို့သော အဖြစ်မျိုး ထင်မံ ပေါ်ပေါက်လာသည့် ရှိသော် အုပ်ချုပ်ရေးကို ပို၍ရှုပ်ထွေး ထိခိုက်စေမည်ဖြစ်သောကြောင့်တည်း။

## စည်းကမ်းသေဝပ်ခြင်း။


တိုင်းပြည်တပြည်၏ အုပ်ချုပ်ရေး တည်တံ့မှု အတွက် အဓိကလိုအပ်သော အကြောင်းတရပ်သည်ကား စည်းကမ်း သေဝပ်ခြင်းပင်ဖြစ်၏။ စည်းကမ်း ဥပဒေများသည် လူတဦး တယောက်-သို့မဟုတ် လူတစု၏ ကောင်းစားရေး လောက် သာမဟုတ်ဘဲ လူတမျိုးလုံး(ဝါ) တိုင်းရင်းသား အားလုံးတို့၏ ကောင်းစားရေးအတွက်ပင်ဖြစ်လေသည်။ ပြည်ဒိုင်အစိုးရတို့၏ တာဝန်သည်ကား၊ ထားရှိသော စည်းကမ်း ဥပဒေ များကို တိုင်းရင်းသားတိုင်း လိုက်နာနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်၍ စည်းကမ်းသေဝပ်မှုအတွက် ဆောင်ရွက်ရာ၌၊ မည်သူတဦး တယောက်မျှ ညှာတာ ထောက်ထားစရာ အကြောင်း မရှိ သင့်ချေ။

## စစ်တပ်

ဗြိတိသျှ စစ်တပ်များ၌ စစ်ပြေးများ အနည်းအကား သာရှိ၍ အဆိုပါ စစ်ပြေးများကို အပြစ်ဒဏ် ပေးသော နည်း တခုတည်းသာ ရှိခဲ့သေးသည်။ ၎င်း အပြစ်ဒဏ် သည်ကား စစ်ပြေးများကို သေနပ်နှင့် ပစ်သတ်ခြင်းသာလျှင် ဖြစ်၏။ ဘုရင်ဧကရာဇ်၏ သားပင်ဖြစ်လင့်ကစား၊ ၎င်းဖြစ်မှုကို ကျူး လွန်ခဲ့သည်ရှိသော် အဆိုပါအပြစ်ဒဏ်ကိုမုချခံရမည်ပင်ဖြစ်၏။

ယခုသက်ရှိ ဗမာနိုင်ငံတော်၏အခြေအနေအရ၊ မြန်မာသား ပါဝင်သော ခြေလျင်တပ်ရင်း(၅)တပ်မှစစ်သားတဝက်လောက် သည် စစ်ထဲမှ ထွက်ပြေးကြ၏။ ပြေးရုံမျှမကသေး၊ အစိုးရ ကိုပင် ပြန်သည့် တော်လှန်ချက်ရှိ၏။ ထွက်ပြေးသူ အချို့တို့ သည်သည်း ယခုအခါပြန်၍ ဝင်သည်ကို တွေ့ရှိရသဖြင့် ဤသို့ ဝင်ခွင့်-ထွက်ခွင့်များ ပေးထားခြင်းကြောင့် စည်းမဲ့ ကမ်းမဲ့ ဖြစ်သွားကြဟန် လက္ခဏာရှိလေသည်။ ဤပြဿနာကြီးကို ပြန်သည့်ပြင်ဆင်ရန်မှာကား ထင်သလောက် လွယ်ကူလှမည် မဟုတ်ချေ။

ဗြိတိသျှနှင့် အမေရိကန်တို့၏ ဒီမိုကရေစီ အုပ်ချုပ်ရေး သည်ကား နိုင်ငံရေးပါတီများသည် စစ်တပ်နှင့် တစုံတရာ သက်ဆိုင်ခြင်း မရှိခဲ့ဘဲ၊ နိုင်ငံရေးပါတီများ၏ လက်ကိုင်ဒုတ် မဖြစ်ခဲ့ကြချေ။ သူတဦးတယောက် သို့မဟုတ် သူတစု-သို့မ ဟုတ် ပါတီတခု၏ စစ်တပ်ဟူ၍ မရှိရ။ စစ်တပ် များသည်၊ ရှင်ဘုရင်၏စစ်တပ်၊ သို့မဟုတ်-တိုင်းပြည်တပြည်လုံး၏ စစ်



ဒုတိယအကြိမ်ကာကွယ်ရေးသင်တန်းသို့
တက်ရောက်သောအမျိုးသားနယ်တာဝန်ခံများ။



အိန္ဒိယပြည်၌ လော့ဒ်ချ(မ်)စ် ဖော့(ဒ်) နှင့်တွေ့ဆုံရ
သော ကရင်အမျိုးသားကိုယ်စားလည်တော်များ။
ဝဲမှ ယာသို့-မစ္စတာစစ်တနီလူနီ-ဗောဖါတွဲ
ဒေါက်တာ-ဆာ ဆံဆီဖိုး။

ား ဖြစ်ကြသည့် အလျောက် ပါတီတရသည် အင်အား ပြင်တောင့်တင်းသော်လည်း ဖြည်သူ့စစ်ကို ကြိုးကိုင်ည့်ဟု အစဉ်အလာမရှိခဲ့ချေ။

ပါတီတရနှင့်ဘံရသည်အာဏာလုသည်ရှိသော် တိုင်းရင်းသားသုံးတို့သည် တရားသောနည်းလမ်းအတိုင်းအတိုက်ပြုကြလေသည်။ တဦးနှင့်တဦး လက်နက်စွဲကိုင်ကာ တိုက်ခိုက်စရာ အကြောင်းမရှိချေ။ အကယ်၍ တဦးနှင့်တဦး လက်နက်စွဲကိုင်ပြီး တော်လှန်သည့်အမှုများ ပေါ်ပေါက်ခဲ့သည်ရှိသော်၊ ပါတီစွဲမရှိသော စစ်တပ်နှင့် ပုလိပ်များသည်၊ အခါအားလျော်စွာ ချက်ချင်းအရေးယူနှိမ်နင်းနိုင်လေသည်။

ယခုအခါ ဗမာနိုင်ငံတော်ကြီး၌ကား၊ အစိုးရ၏အာဏာကို အလုအယက် ပြုလျက်ရှိသည်ဖြစ်ရာ၊ အစိုးရက စစ်တပ်ကို အသုံးပြုနိုင်သလို အတိုက်အခံပါတီများကလည်းစစ်တပ်များကိုအသုံးပြုကြလေသည်၊အချို့သောစစ်ဗိုလ်နှင့် စစ်သားများသည်သည်း နိုင်ငံရေးပါတီတွင် ပါဝင်လျက်ရှိကြသဖြင့် မိမိတို့၏ပါတီ တောင့်တင်းရေးအတွက် ပါဝင် ကြိုးစားကြလေသည်၊ ဤ အဘာအမှားတော်ပုံကြီးကို အမြန်ဆုံးနည်းနှင့် ပြန်လည်ပြုပြင်ရန်လိုအပ်ချေပြီ၊ လက်ရှိအခြေအနေ အားလုံးတို့ကို ချုပ်ဆိုင်းကာ ဒီမိုကရေစီသစ် သဘောမျိုးဖြင့် အသစ်တဖန် ပြန်လည်ထူထောင်နိုင်မည်ဆိုလျှင် ဗမာနိုင်ငံတော်ကြီးအတွက် အကောင်းဆုံးဖြစ်ပေလိမ့်မည်။

## ဥက္ကဋ္ဌစောဘဦးကြီးရေး
## ခိုင်မြဲတည်တံ့သောအစိုးရ

တိုင်းပြည်မရှိသော လူတမျိုးသည်။ လူမျိုးကြီး (***Nation***)ဟု ကမ္ဘာကအသိအမှတ်ပြုလိမ့်မည် မဟု အကြောင်းမူကား ၎င်းလူမျိုးသည် ကိုယ့်မင်း ကိုယ့် နေနိုင်ခွင့်မရဘဲ တပါးအမျိုးသားများ၏ လက်အောက်၌သာ နေထိုင်ကြရခြင်းကြောင့်ဖြစ်ပေသည်။ပင်ကိုယ်တိုင်းပြည်ရှိနှင့် သော လူ့ထမျိုးသည် ကိုယ့်မင်း ကိုယ့်ချင်းနှင့် မနေရသော မိမိတို့၏ ညံ့ဖျင်းမှုကြောင့်သာလျှင်ဖြစ်ပြီး နိုင်ငံရပ်ခြား တိုင်း တပါးသားများ၏ လက်အောက်ခံ အဖြစ်ဖြင့်သာ အောက်ကျ နောက်ကျ ရှိကြရလေသည်။ သို့ရာတွင် ကိုယ်တိုင်း ကိုယ် ပြည် ကိုယ့်မင်း ကိုယ့်ချင်းနှင့် ရှိသော လူမျိုးတို့ သည်ကား။ သူတပါး၏ လက်အောက်ခံသို့ မရောက်စေရန် ခိုင်မြဲတည်တံ့ သော အစိုးရကိုရရန် အတွက် အင်တိုက် အားတိုက် လုံ့လနှင့် ကြရသည်ပင်ဖြစ်လေသည်။ အောက်ပါအချက်ကြီး ၃ ချက်နှင့် ပြည့်စုံသော အစိုးရသည် ကာလကြာမြင့်စွာတည်တံ့နိုင်မည် ဖြစ်ပေမည်။

### ၁။ ယူထုမေတ္တာ။

အစိုးရတိုင်း၌ပဌမလိုအပ်သောတာဝန်ဝတ္တရားသည်ကား တိုင်းပြည်အတွင်း ငြိမ်ဝပ်ပိပြားအောင် စောင့်ရှောက် ထိမ်း ထိမ်းရေးပင်ဖြစ်လေသည်။ တိုင်းပြည်အတွင်း ငြိမ်းဝပ်ပိပြား

...ဘ်နှင့်အမျှ တိုင်းရင်းသားများ၏အသက်နှင့် စည်းလုံးခြင်းမှုတို့ကိုရရှိနိုင်မည်ဖြစ်၍ တိုင်းရင်းသားများ၏ သက်...ချောင်ချိရေးသည် ပေါက်ဖွားလာကာ၊ အစိုးရအပေါ်၌...ည်ညွှိ အားထား လေးစားလိုသော မေတ္တာစိတ်များသည် သား...ပေါ်လျက်ဖြစ်ပေါ်လာမည်ဖြစ်ချေသည်၊လူထု၏မေတ္တာစိတ် မေတ္တာမှန်ကို တကယ်တန်းရရှိသော အစိုးရသည် မိမိတို့၏ စီမံအုပ်ချုပ်မှု၌ အခက်အခဲ ဟူသရွေ့တို့ကို လွယ်ကူစွာ အောင်မြင် နိုင်မည်ဖြစ်သဖြင့် အုပ်ချုပ်ရေး တည်တံ့မှုကိုရရှိနိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်၍ တည်တံ့ခိုင်မြဲလိုသော အစိုးရတိုင်း၊တိုင်းပြည်၏မေတ္တာကို ရယူသင့်ကြပေသည်၊

## ၂။ လူထု၏ကြည်ညိုခြင်း။

အစိုးရ၏ အုပ်ချုပ်မှု တည်တံ့ရေးတွင် အကြီးဝင်လျက်ရှိသော အရင်းခံ ဝတ္တရားကြီး တရပ်သည်ကား၊ တိုင်းပြည်၏ ကိုယ်စားလှယ် အစစ်အမှန်များကို တရားသော နည်းလမ်းအတိုင်း ရွေးကောက် တင်မြှောက်၍ အဆိုပါ ကိုယ်စားလှယ်များက ရေးဆွဲသော ဥပဒေများကို တိုင်းရင်းသား အားလုံး စည်းကမ်း သေဝပ်စွာ ညီညီညာညာ လိုက်နာ ကြခြင်းပင်ဖြစ်၏၊

အစိုးရသည် တိုင်းပြည်၏ စည်းကမ်း ဥပဒေအရ တရားသဖြင့် အုပ်စိုးနိုင်မှသာလျှင် လူထု၏ကြည်ညိုခြင်းကို ခံရလိမ့်မည်ဖြစ်၏၊လူထု၏ ကြည်ညိုခြင်းကို ရရှိမှသာလျှင် အုပ်ချုပ်ရေး တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပေသည်။မျက်နှာကြီးငယ်လိုက်

ခြင်း၊ အဂတိတရား လိုက်စားမှုငး၊ လာဘ်ပေး... များကို လက်သင့်ခံခြင်း စသည်တို့ဖြင့် မကောင်း... သည့် လူထု၏ အကြည်အညိုကို အခိုက် အတံ့မျှသာ... နိုင်မည်ဖြစ်သဖြင့် လူထု၏ ထောက်ခံမှုကိုကြာမြင့်စွာ... ဘဲ အုပ်ချုပ်ရေး တည်တံ့မှုကို ပျက်ပြားစေရန် အ... တချပ်ဖြစ်ပေသည်၊

## ၃။ လုံခြုံမှုအတွက်စိတ်ချရခြင်း။

တိုင်းသူ ပြည်သား အားလုံးတို့၏ လုံခြုံစွာ နေထိုင်နိုင်ရေး အတွက် သက်ဆိုင်ရာ အစိုးရသည် စီမံပေးနိုင်ရမည် ဖြစ်၏၊ ပြည်တွင်း၏ဆူးညှောင့်ခလုပ်များဖြစ်ကြသော ခိုးသားထားပြ နှင့် သောင်းကျန်းသူများကို နှိမ်နင်းနိုင်ရမည့်အပြင်။ ပြည်ပ ဖြစ်သောတိုင်းတပါးသားတို့၏ဘေးရန်ကိုလည်းကာကွယ်ပေး နိုင်စွမ်းရှိရမည်ဖြစ်ချေသည်တိုင်းပြည်အတွင်းလုံခြုံမှုအတွက် စိတ်ချ-လက်ချ မနေရကြလျှင်၊ တိုင်းရင်းသား များသည် မိမိ တို့၏ အစိုးရအပေါ်တွင်အယုံအကြည်ပျက်ပြားကာ အုပ်ချုပ် မှု တည်တံ့ရေးကို ချက်ခြင်း ထိခိုက်နိုင်ဘွယ်ရာ အကြောင်း ရှိလေသည်။

ဘော်ပြပါအချက်ကြီး သုံးချက်နှင့် ပြည့်စုံသော အစိုးရ တိုင်းသည် မိမိတို့၏ အုပ်ချုပ်ရေးနှင့် ပါတ်သက်၍ တိုင်းရင်း သားများ၏ ယုံကြည်အားထားမှု၊ ကြည်ညို လေးစားမှု၊

...မှုသည်...တကယ်တန်း ရရှိနိုင်မည်ဖြစ်ရာ ...အားလုံး ကြီးပွားတိုးတက်မှု၊ သက်သာချောင်ချိမှု ...ည်ပင်ပြောသော တိုင်းပြည်အဖြစ်သို့ အသွင် ...ည့်ဖြစ်သည့်အတိုင်း။ တည်တံ့ခိုင်မြဲသော အစိုးရ ...ဖြင့် တည်မြဲနိုင်မည့် ဖြစ်သောကြောင့်၊ ကမ္ဘာတခွင်၌ ...များဖြည့်အသီးသီးရှိ အစိုးရအဖွဲ့တိုင်းသည် တည်တံ့ခိုင်မြဲ သော အစိုးရဖြစ်လိုသော်၊ ဘော်ပြပါ အချက်ကြီးသုံးချက်ကို လက်မလွှတ်သင့်ကြောင်းရေးသားရပေသတည်း၊

---

## စာသာခင်ရေး။

## လုံခြုံရေးနှင့်လွတ်လပ်ရေးဆောင်းပါး။

လောက၌ ရှိရှိသမျှသော လူမျိုးတိုင်း တို့သည် သာယာ ချမ်းစွာ နေထိုင် သွားလာ လုပ်ကိုင် စားသောက် လိုကြ၏၊ ဧဆေးစွာ နေထိုင်နိုင်ရန်အတွက်လည်း နည်းလမ်း အမျိုးမျိုး တို့ကိုရှာဖွေလျက်ရှိ၏နည်းလမ်းရှာဖွေကြသည့်အခါ၌လည်း လိုက်နာဆောင်ရွက်ရန် ဝတ္တရားအမျိုးမျိုးတို့ကို တွေ့ရှိကြရ လေသည်၊မည်သို့ပင်ဖြစ်စေဧဆေးစွာ နေထိုင်သောလူမျိုးတိုင်း သည်လုံခြုံရေး(Security)နှင့်လွတ်လပ်ရေး (Liberty)ကိုဦး စွာ ရရှိထားရသည် ဟုဝန်ခံကြရပေလိမ့်မည်၊ အကြောင်းမူ ကား၊

## ၁။ (က) အသက်ဘေးမှလုံခြုံရေး။

လူတို့သည်အသက်လုံခြုံမှုရကြမှသာလျှင်အဖို့၄ လောက၏ စည်းစိမ်ကို ခံစားစံစား နိုင်ကြမည်ဖြစ်၍ အတွက် လုံခြုံမှု မရှိပါက၊ လောကတွင် မက်မော စည်းစိမ်ရှိနိုင်တွယ်ရာအကြောင်းမရှိတော့ချေ။

## (ခ) ပစ္စည်း၏လုံခြုံရေး။

လူတို့သည် အသက်ရှင်လျက် လောက၏ စည်းစိမ်ကို ခံယူနိုင်စေရန် စားရေးသောက်ရေးနှင့်ပါတ်သက်၍ဝေရာဝစ္စအမြောက်အများရှိ၏အဆိုပါစားမှုသောက်မှုအတွက် ပစ္စည်းဥစ္စာများလုံခြုံရေးမရှိပါက၊ အဘယ်မှာ အသက်ရှင်ကျိုးနပ်ပါအံ့နည်း။

## (ဂ) ဂုဏ်သိက္ခာလုံခြုံရေး။

မိမိတို့၏ မျိုးရိုး ဂုဏ်သိက္ခာကိုစောင့်ထိမ်းရန် အတွက် လုံခြုံမှုကိုမရပါကလည်း လူမျိုးပါ အစတုံး သွားမည် ဖြစ်သဖြင့် ဂုဏ်သိက္ခာ လုံခြုံရေးသည်သည်း ဧချမ်းချမ်း ပျော်မွေ့စွာနေထိုင်နိုင်ရေးအတွက် အဓိက လိုရင်းအချက်တခုဖြစ်လေသည်။

## ၂။ (က) ပညာ၏လွတ်လပ်ရေး

လူဟူ၍ ဖြစ်လာကြပြီး လူမျိုးတမျိုး အနေနှင့်မားမားမတ်မတ် နေလိုလျှင်ပညာ၏ လွတ်လပ်ရေး ရှိရပေမည်၊ လူတမျိုးအနေနှင့် မိမိတို့၏၊အမျိုး၊ဘာသာစာပေစသည်တို့ကိုတိုးတက်ဖွံ့

ဘ် ဦး ကို လွတ်လပ်စွာသင်ကြားခွင့်
ဘ်လပ်ရေးသည် ဘာသာမှုအဓိပ္ပါယ်မရှိချေ။

## ) ကိုးကွယ်သည့် ဘာသာလွတ်လပ်ရေး။

ဘ်အားဖြင့်လွတ်လပ်ရေး ရပြီဟု ရံခါရံခါကြားကြရသ ာက်တွေ့အားဖြင့် လွတ်လပ်ရကြသော တိုင်းပြည်နှင့် ျိုးတို့သည်ကား ရှားရှား တော့၏။ လွတ်လပ်သော င်းပြည်နှင့် လူမျိုးများအတွက် မှုကား ပညာရေးလွတ်လပ်သ ောက် ဘာသာရေး၌ လွတ်လပ်မှုရှိရမည်ဖြစ်၏။ အကြောင်း ကြောင့်ဆိုသော် ဘာသာရေးသည်လူမျိုးတိုင်းကို ကောင်းရာ ဘက်သို့ အစဉ်ဆွဲဆောင်လျက်ရှိသည့်အတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရကြသောသူတိုင်းသည် မိမိ၏ဘာသာကို ကိုင်း ရှိုင်းမှုကြောင့် သူတော်ကောင်း များသာဖြစ်လာကြမည် ဖြစ် သဖြင့် သူတော်ကောင်းပေါများသောတိုင်းပြည်သည်အလွတ် လပ်ဆုံးသော တိုင်းပြည်အဖြစ်၌ တည်မြဲနိုင်မည် ဖြစ်သော ကြောင့်တည်း။

## (ဂ) ယဉ်ကျေးမှုလွတ်လပ်ရေ ။

ဗမာစကားပုံတခုအရ ကချင်ရိုင်း ချင်းရိုင်းဟုယခုတိုင်ပြော လေ ပြောထရှိသေးကြ၏သို့ရာတွင်၎င်းတို့ ရှိတထောက်သုံးနှုန်း ခြင်းသည် ကချင်၏ယဉ်ကျေးမှုတို့ကို မသိသောကြောင့်ပင် ဖြစ်တန်ရာ၏။ပင်စစ်မှာ ကမ္ဘာပေါ်ရှိလူမျိုးတိုင်းသည်မိမိတို့၏ ဘာသာဘာဝအလျောက် ယဉ်ကျေးမှုအသီးသီးနှင့် ရှိခဲ့ကြ၏။

အသိုင်း...သဉ်ကျေးမှုများကို ... ... လျှင် လူဖြစ်ကျိုးနပ်ကြမည်ဖြစ်လျက် အကောင်း ကျေးဆုံးလူတမျိုးအဖြစ်သို့ တိုးတက်နိုင်ရန် အရေး သည်။ သဉ်ကျေးမှုအတွက်လွတ်လပ်ခွင့်မရသောတိုင်း လွတ်လပ်သည့်တိုင်းပြည်ဟု အချင်းမခေါ်နိုင်ချေ။

## (ဃ) စီးပွားရေး၌လွတ်လပ်ခြင်း။

စီးပွါးရေးနှင့်ပါတ်သက်၍လွတ်လပ်သော တိုင်းပြည်၌ ရှိလူမျိုးတိုင်းသည်၊ စီးပွားရေး၌လည်း လွတ်လပ်ခွင့်ရှိသင့်ပေ သည်စီးပွားရေးသည် လူမျိုးနှင့်တိုင်းပြည်၏ထက်လ...ကိုအ များဆုံးအားပေးနိုင်သည့်အားလျော်စွာလူတဦးတယောက်၏ စီးပွါးရေးလုပ်ငန်းဘရသည် အခြားသူတဦးအား ထိပါးခြင်း မရှိကရင်း၏လုပ်ငန်းကိုပိတ်ပင်တားမြစ်ချုပ်ချယ်ခြင်းမပြုသင့် ကြချေ။

သို့ဖြစ်၍အထက်၌ ဘော်ပြခဲ့သည့် အတိုင်း လုံခြုံရေးနှင့် လွတ်လပ်ရေးဘို့ ကိုရရှိကြမှသာလျှင် လူတဦးနှင့် တဦး သော် ၎င်း၊ လူတမျိုးနှင့် တမျိုးသော်၎င်း၊ နားလည်မှု ကျေနပ်မှုတို့ကို ရရှိကြမည် ဖြစ်သဖြင့်၊ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက် နိုင် ကြမည်ဖြစ်သတည်း။

လုံခြုံမှုနှင့်လွတ်လပ်မှုအားဖြင့်မြန်မာပြည်၏လွတ်လပ်ရေး တည်မြဲပါစေ၊

---